မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၂၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သန်လျင်တပ်နယ် သကျမာရဇိန်စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာကျင်းပ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစု လှူဒါန်းသော စိန်ဖူးတော်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းမိသားစု လှူဒါန်းသော ငှက်မြတ်နားတော်တို့ တင်လှူပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက လှူဒါန်းသော စိန်ဖူးတော်အား ဦးကြိုင်စန်းရွှေက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်တပ်နယ် ဟံသာဒီပကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် သကျမာရဇိန်စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီက အဆိုပါစေတီတော်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး ဒေါ်အေးအေးတို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိ အမှူးပြုသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဖိတ်ကြားထားသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်မတော်(ရေ)မှ အရာရှိ စစ်သည်မိသားစုများ၊ မင်္ဂလာစည်တော်အဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းမိသားစုက လှူဒါန်းသော ငှက်မြတ်နားတော်ကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဦးကျော်ညွန့်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်ထုတ်လုပ်မည့် တရုတ်နိုင်ငံ၏ လျှိုမြောင်သုံးသွယ်ဆည် ပြီးစီးလုနီး။



အင်တာနက် သတင်း နှင့် ဓာတ်ပုံ (၈ - ၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

12-5 (01).p65 1 1/11/32, 12:09 AM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၁၂ ရက်)

အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ တိုးတက်ပြန့်ပွားရေး နှစ်ပေါင်းတစ်ထောင်မက တိုးတက်လုပ်ဆောင်နိုင်ရေးကြိုးပမ်း

"အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတိုးတက်ပြန့်ပွားရေး"ဟူသော ရည်ရွယ်ချက်များဖြင့် ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ရန်ကုန်ကောလိပ်ကျောင်းသားကြီးများ ထူထောင်ဖွဲ့စည်းခဲ့သော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)သည် ၂၀၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အနှစ်(၁၀၀) ပြည့်ခဲ့ပြီ ဖြစ်သည်။

ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်(၁၀၀)ပြည့်ပွဲတော်အခမ်းအနားကို မေလ ၉ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပခဲ့သည်။

အမျိုးကိုချစ်ပါ၊ ဘာသာရေးကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါဟူသည့် အသင်းကြီး၏ ကြွေးကြော်သံသည် မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲ၊ အသည်းထဲသို့ စိမ့်ဝင်ပျံ့နှံ့သွားပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့အတွက် တိုက်ပွဲဝင်ရန် မြန်မာတိုင်းရင်းသား မျိုးချစ်လူငယ် ထောင်ပေါင်းများစွာတို့အား မျက်စိ၊ နား ဖွင့်ပေးနိုင်ခဲ့သည်။

၁၉၁၀ပြည့်နှစ်တွင် ရန်ကုန်မြို့နှင့် နယ်အသီးသီး၌ ဝိုင်အမ်ဘီအေ အစည်းအဝေးများကျင်းပပြီး အသင်းခွဲများ ဖွဲ့စည်းခဲ့သည်။ သူ့ကျွန်မခံလိုသည့် လူငယ်လူရွယ်များသည် အသင်းအချင်းချင်း ဆက်သွယ်ပူးပေါင်းပြီး လွတ်လပ်ရေးရရှိရန် ဆုံးဖြတ်စည်းရုံးဆောင်ရွက်လာခဲ့ကြသဖြင့် "လွတ်လပ်ရေး အစ ဝိုင်အမ်ဘီအေက"ဟု ဆိုစမှတ်ပြုခဲ့ကြသည်။

၁၉၁၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဝိုင်အမ်ဘီအေအသင်းချုပ်နှင့် အသင်းခွဲများ ပူးပေါင်းပြီး ပျဉ်းမနားမြို့၌ ကွန်ဖရင့်တစ်ရပ်ကျင်းပကာ ပြည်သူတို့၏လိုလားချက်များကို နယ်ချဲ့ အစိုးရထံ တင်ပြအရေးဆိုခဲ့သည်။ ဝိုင်အမ်ဘီအေ ခေါင်းဆောင်ကြီးများသည် ၁၉၁၇ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့သွားရောက်၍ အတွင်းဝန်မွန်တေဂူနှင့် တွေ့ဆုံကာ နိုင်ငံအကျိုးအတွက် အချက်ကိုးချက် တင်ပြတောင်းဆိုခဲ့သည်။ ယင်းအချက်များထဲတွင် မြန်မာနိုင်ငံ၌ အဆင့်အတန်းမီ တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန်ဟူသော အချက်တစ်ရပ် ပါဝင်သည်။

ဝိုင်အမ်ဘီအေအသင်းကြီးသည် နိုင်ငံခြားသားများ ဘုရား စေတီပုထိုးများ၌ ဖိနပ်စီးခြင်းကို ၁၉၁၈ခုနှစ် မေလ၁၉ရက်နေ့တွင်လည်းကောင်း၊ ရွှေတိဂုံစေတီတော်၏ အနောက်ဘက်မုခ်ကို ဘုရားဖူးများ မဝင်ရဟူသော နယ်ချဲ့အစိုးရ၏ တားမြစ်ချက်ကိုလည်းကောင်း အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ၁၉၂၀ခုနှစ် အောက်တိုဘာလတွင် ဂျီစီဘီအေ ဒုတိယအကြိမ် ကွန်ဖရင့်ကျင်းပကာ ဟုမ္မရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုခဲ့သည်။

ထို့အပြင် နယ်ချဲ့လက်အောက်၌ အမျိုးသားပညာရေး နိမ့်ကျနေရသဖြင့် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ဂျူဗလီဟော၌ ဝိုင်အမ်ဘီအေအသင်းချုပ် ကွန်ဖရင့်ကျင်းပကာ နယ်ချဲ့အစိုးရ အထောက်အပံ့ခံ ကျောင်းများအဖြစ်မှ နုတ်ထွက်ပြီး အမျိုးသားကျောင်းအများအပြားကို စည်းရုံးထူထောင်နိုင်ခဲ့သည်။

ဝိုင်အမ်ဘီအေအသင်းကြီးသည် အမျိုးသားရေးဓာတ်အားမာန်တို့ကို ဦးဆောင်စည်းရုံးပျိုးထောင် ပေးနိုင်ခဲ့၍ တစ်မျိုးသားလုံးအပေါ် စိုးမိုးချုပ်ချယ်လွှမ်းမိုးခဲ့သော နယ်ချဲ့အစိုးရကို ဆန့်ကျင်ပြီး လွတ်လပ်ရေးရသည်အထိ အထောက်အကူပြုပေးနိုင်ခဲ့သဖြင့် "နိုင်ငံရေးအစ ဝိုင်အမ်ဘီအေက"ဟူ၍လည်း ပြောစမှတ် ပြုခဲ့ကြရသည်ကို တွေ့ရသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဝိုင်အမ်ဘီအေအသင်းကြီးသည် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေးလုပ်ငန်းများကိုသာ တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့သည်။ မျိုးဆက်သစ် လူငယ်မောင်မယ် များအား အလိမ္မာပညာများ ရရှိစေရေးအတွက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများ နှစ်စဉ် ကျင်းပပေးခဲ့သည်။ အခြေခံဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် ဗုဒ္ဓစာပေပြန့်ပွားရေး ဆောင်ရွက်ပေးခြင်းဖြင့်လည်း ယဉ်ကျေးမှု အခြေခံခိုင်မာပြီး အသိဉာဏ်ပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် ကူညီစွမ်းဆောင်ပေးနိုင်ခဲ့သည်။

မျက်မှောက်ကာလတွင် အသင်းကြီးအနေဖြင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာအထက်တန်းအဆင့် ထူးချွန်သူများကို အားပေးချီးမြှောက်ခြင်း၊ ဘဝတွက်တာသိမှတ်စရာ မိခင်နှင့်ကလေး ကျန်းမာရေး သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း စသည့် နိုင်ငံအကျိုးပြု လုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်လျက် ရှိသည်။

သို့ဖြစ်ရာ ဝိုင်အမ်ဘီအေ အသင်းကြီးသည် နှစ်ပေါင်း ၁၀၀ တိုင် ကြံ့ခိုင်တည်တံ့ပြီး အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတိုးတက်ပြန့်ပွားရေး လုပ်ငန်းစဉ်များကို စွမ်းအားရှိသမျှ လုပ်ဆောင်နိုင်ခဲ့သည့် အလျောက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နှစ်ပေါင်းတစ်ထောင်မက တိုးတက်လုပ်ဆောင်နိုင်ကြရေး ဆက်လက်၍ ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အနောက်ပိုင်းခရိုင်တွင် ကမ္ဘာ့ကျန်းမာရေးနေ့ဟောပြော ဆေးဝါးပစ္စည်းထောက်ပံ့၊ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်

ရန်ကုန် မေ ၁၁

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာစကား ပြောကြားသည်။(အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့သည့် ဆေးဝါး ပစ္စည်းများကို ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများထံ ပေးအပ်သည်။

ပေးအပ်

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်က ရာသက်ပန် အသင်းဝင်အဆိုလွှာ ၁၃၀၀ ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်သည်။

ပညာပေးဟောပြော

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က ၂၀၀၆ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "ကျန်းမာစွမ်းအားဖွံ့ဖြိုးဖို့ လက်တွဲပါဝင် ဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၂-၅-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆:၄၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၃၉)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ Goals Show
၂၁။ စိုက်ပျိုးသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်လေး"** (အပိုင်း-၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၀၆
(သောကြာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော အပါယ်ပိတ်တရား(အပိုင်း-၂) (အပါယ်သို့ကျရောက်ပုံ)
၇:၁၅ တေးဂီတအစီအစဉ်
၇:၂၀ Myanmar Video Rhythm
၈:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၁၅ တေးဂီတအစီအစဉ်
၈:၂၀ အလှမှာဝင့်ထည် မြန်မာ့ပါတိတ်ချည်ထည်
၈:၃၅ တေးဂီတအစီအစဉ်
၈:၄၀ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးရေး (ဦးမျိုးမြတ်သူ၊ဦးချစ်နိုင်-စိတ်ပညာ)
၉:၂၅ မိုးလေဝသခန့်မှန်းချက်
၉:၃၀ ဆီးချို၊ သွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံ အကြောင်း(အပိုင်း-၂)
၉:၅၀ တေးဂီတအစီအစဉ်
၉:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (တောင်သမန်သစ္စာ)
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့်ကိတ်လိပ် ပြုလုပ်နည်း)
၁၁:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀ ခံစားရင်းစံစားပါ (ကျော်ရဲအောင်၊ပန်းဖြူ)
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

■ **ရှေ့ဖုံးမှ**

နမောတသ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ကိတ္တိထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက လှူဒါန်းသော စိန်ဖူးတော်အား ဦးကြိုင်စန်းရွှေနှင့် ဇနီး မိသားစုကလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းမိသားစုက လှူဒါန်းသော ငှက်မြတ်နားတော်ကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဦးကျော်ညွှန့်တို့ကလည်းကောင်း၊ ရွှေကြာသက်န်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေကလည်းကောင်း၊ သာသနာ့အောင်လံတော်ကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကလည်းကောင်း ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ကိတ္တိထံမှ အနုမောဒနာတရား နာကြားကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဂုဏ်ပြုဆုငွေပေးအပ်

ယင်းနောက် ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား သကျမာရဇိန် စေတီတော်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိုးမြင့်က တည်ဆောက်ရေးလုပ်ငန်းတာဝန်ခံ သက္ကမိုးနတ်မင်းကုမ္ပဏီလီမိတက်မှ ဦးဇော်မင်းဇင်အား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ တပ်မတော်(လေ) မြလေယာဉ်ထီးတော်တင်အဖွဲ့နှင့် စေတီတော်တည်ထားကိုးကွယ်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

အနေကဇာတင်

ထို့နောက် သကျမာရဇိန်စေတီတော် ရွှေထီးတော်တင်မဟာမင်္ဂလာ အခမ်းအနားကို အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ကြပြီးနောက် ဆရာတော်ကြီးများက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဦးကြိုင်စန်းရွှေနှင့် ဇနီး မိသားစု၊ ဦးကျော်ညွှန့်နှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များသည် စေတီတော်ပရဝဏ်ရှိ ဗောဓိပင်အား ရေစင်သွန်းလောင်း၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသူနာပြုအသင်း

၂၀၀၆ ခုနှစ်

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့

Safe Staffing Saves Lives

ပြုစုအင်အားပြည့်ဝမှ-လုံခြုံစိတ်ချ ပြည်သူ့ဘဝ

၂၀၀၆ ခုနှစ် မေလ(၁၂)ရက်

သူနာပြုတက္ကသိုလ်(ရန်ကုန်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်တပ်နယ် ဟံသာဒီပကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် သကျမာရဇိန်စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဦးကြိုင်စန်းရွှေနှင့် ဦးကျော်ညွှန့်တို့ စေတီတော်အထွတ်၌ စိန်ဖူးတော်ကို ကပ်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ဗောဓိပင် ညောင်ရေသွန်းလောင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သကျမာရဇိန်စေတီတော် ပရဝဏ်အတွင်းရှိ ဗောဓိပင်အား ညောင်ရေသွန်းလောင်းစဉ်။ (သတင်းစဉ်)

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၁

တောင်ကြီးမြို့နယ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၂၉ ရက်တွင် တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်မွှောရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်များက နမောတသ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားကိုဖွင့်လှစ်၍ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်ကို ပွားများကြသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က သာသနာရေးဆိုင်ရာ လျှောက်ထားသည်။ ဆက်လက်ပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးနှင့် အကြည်ညိုခံဆရာတော် ၁၁ ပါးတို့အား တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တိုင်းဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တပ်ဦးဥတ္တရာရုံကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာသီရိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၁ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ မဟာဝိဇယစေတီတော် အတွင်းရှိ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းကြစဉ်။ (သတင်းစဉ်)

အထက(၂)ရန်ကင်း (ယခင်စိန့်မိုက်ကယ်) ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကင်းမြို့နယ် အထက(၂) ရန်ကင်းခန်းမ၌ မေ ၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှကြည်၊ ဆရာ ဆရာမဟောင်းများ စုံညီစွာတက်ရောက်ကြစဉ်။ (က-ပ)

မြဝတီခရိုင် လူမှုရေးအသင်းအဖွဲ့ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ

ရန်ကုန် မေ ၁၁

မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးပြုလုပ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့အသင်းဝင် အသစ်များ၏ အဆိုပြုလွှာပေးအပ်ပွဲနှင့် ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက်တွင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ပြုလုပ်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေညွှန့်နှင့် ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လက်ခံ

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြပြီး လူမှုရေးအသင်းအဖွဲ့၊ အသင်းဝင်အသစ်များ၊ အဆိုပြုလွှာများကိုပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ၎င်းနောက် ခရိုင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ အလှူငွေကျပ် ၃၁ သိန်းကျော် ပေးအပ်လှူဒါန်းခဲ့ကြသော အလှူရှင်များအား ကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အသစ် ၂၀၀၊ အမျိုးသမီးရေးရာအသင်းဝင် အသစ် ၄၂၆ ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင် အသစ် ၃၄၇ ဦး၊ ကြက်ခြေနီအဖွဲ့ဝင် အသစ် ၅၃ ဦးတို့က အဆိုပြုလွှာများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

12-5 (03).p65 1 1/11/32, 12:09 AM

ဟောင်ကောင် အကောက်ခွန်ဌာနမှ တာဝန်ရှိသူတစ်ဦး ဖမ်းဆီးရမိသော ဆင်စွယ်များအား မေ ၁၀ ရက်က စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့်ချုပ်ဆိုမည့် ကုန်သွယ်ရေးစာချုပ် မူလသဘောတူညီချက်နှင့် မကိုက်ညီသဖြင့် ကိုလံဘီယာရွှေ့ဆိုင်း

ဘိုဂိုတာ မေ ၁၁

အမေရိကန်နှင့် ကိုလံဘီယာ လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ် (အက်ဖ်တီအေ)လက်မှတ်ထိုးရေးကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် အမေရိကန်တို့၏ စာချုပ်မှာ မူလနှစ်နိုင်ငံသဘောတူညီချက်နှင့် မကိုက်ညီသည့်အတွက် ကိုလံဘီယာက ရွှေ့ဆိုင်းထားမည်ဖြစ်ကြောင်း ကိုလံဘီယာကုန်သွယ်ရေးဝန်ကြီး ဂျော့ဟမ်ဘာတိုကိုစောရိက တနင်္လာနေ့တွင် ပြောကြားသည်။

ပြောကြား

အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် သဘောတူညီချက်မှ အမှားများကို အမေရိကန်တို့ဘက်မှ ပြင်မပေးလျှင် ဤကုန်သွယ်ရေးစာချုပ်ကို ကိုလံဘီယာက လက်မှတ်ထိုးမည် မဟုတ်ကြောင်း ၎င်းကပြောကြားလိုက်သည်။

ပေးခဲ့

ကိုလံဘီယာနိုင်ငံက စိစစ်သုံးသပ်နိုင်ရန် နှစ်နိုင်ငံကုန်သွယ်ရေးစာချုပ်၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားချက်ကို အမေရိကန်တို့ဘက်က လွန်ခဲ့သည့် ရက်သတ္တပတ်က ပေးခဲ့သည်။

ယင်းကိစ္စဆွေးနွေးရန် ကိုလံဘီယာ လယ်ယာစိုက်ပျိုးရေးဝန်ကြီး အင်ဒရက်ဖိလစ် အေးရီးယပ်သည် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ကာ ဝါရှင်တန်သို့ သွားမည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဟောင်ကောင်၌ ဆင်စွယ်များဖမ်းဆီးရမိ

ဟောင်ကောင် မေ ၁၁

ဟောင်ကောင် အကောက်ခွန်ဌာနမှ အရေအတွက်များပြားသော ဆင်စွယ်များကို မေ ၉ ရက်က ဖမ်းဆီးရမိခဲ့သည်။

ယင်းဆင်စွယ်များကို ကင်မရွန်းနိုင်ငံမှ တင်ဆောင်လာသော ကွန်တိန်နာအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဆင်စွယ်များ၏ စုစုပေါင်း အလေးချိန်သည် ၃ ဒသမ ၉ တန် ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ သန်း တန်ဖိုးရှိကြောင်း အကောက်ခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်၌ကားဗုံးပေါက်ကွဲ လူ၁၇ ဦးသေဆုံး၊ ၃၅ ဦးဒဏ်ရာရရှိ

တာလာဖာ မေ ၁၁

အီရတ်နိုင်ငံမြောက်ပိုင်း တာလာဖာမြို့တွင် မေ ၈ ရက်က ကားဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် အနည်းဆုံးလူ ၁၇ ဦးသေဆုံးပြီး ၃၅ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေးခဲ့

အဆိုပါကားဗုံးသည် ဆီးရီးယားနယ်စပ်မှ ကီလိုမီတာ ၁၅၀(မိုင် ၉၀) အကွာတာလာဖာမြို့တွင် ပေါက်ကွဲခြင်းဖြစ်ပြီး ယင်းမြို့မှာပင် လွန်ခဲ့သည့် အောက်တိုဘာလက ပေါက်ကွဲသော ကားဗုံးတစ်လုံးကြောင့်လည်း လူ ၃၀ သေဆုံးခဲ့ပြီးဖြစ်သည်။

ဖော်ပြ

ယခုပေါက်ကွဲသော ကားဗုံးသည် ဈေးသိမ်းချိန် လူစည်ကားရာနေရာ အနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ အဆိုစီရိတ်ပရက်စ် သတင်းဌာနက ဖော်ပြသည်။

သေဆုံး

နောက်ဆုံးရရှိသော သတင်းအရ သေဆုံးသူစုစုပေါင်း ၂၀ ရှိပြီး ဒဏ်ရာရရှိသူ ၇၀ ရှိကြောင်း ဆေးရုံ ညွှန်ကြားရေးမှူး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

လူ ၁၆ဦးသေဆုံးစေခဲ့သည့် ဘင်္ဂလားဒေ့ရှ် မုန်တိုင်း

ဒါကာ မေ ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့၌ မေ ၇ ရက် ညနေပိုင်းက အပူပိုင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ရာ လူ၁၆ ဦးသေဆုံးပြီး ၂၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာ၌ဖော်ပြသည်။

သေဆုံးသူအများစုမှာ မိုးကြိုးပစ်ခံရခြင်း၊ သစ်ပင်များနှင့်နံရံများ လဲကျခြင်းတို့ကြောင့် ဖြစ်ကြောင်း မိုင်မန်ဆင်းခရိုင် မြောက်ပိုင်းမှ တာဝန်ရှိသူများက မေ ၉ ရက်၌ပြောကြားသည်။

ယင်းခရိုင်သည် ဒါကာမြို့ မြောက်ဘက် ၁၉၂ ကီလိုမီတာတွင် ရှိပြီး ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ရာ ကလေးငါးဦး မိုးကြိုးပစ်၍ သေဆုံးသွားပြီး ၁၀၀ ကျော်ဒဏ်ရာရရှိသွားကြောင်း အဆိုပါဒေသမှတာဝန်ရှိသူ အာတာကာရင်ဆိုသူက ပြောကြားသည်။

အဆိုပါ လေမုန်တိုင်းသည် တစ်နာရီလျှင် ၇၆ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း၊ ရာပေါင်းများစွာသောနေအိမ်များ ပျက်စီးခဲ့ပြီး ရင့်မှည့်လုနီးစပါးခင်းများလည်း ဆိုးရွားစွာပျက်စီးခဲ့ကြောင်း ကာရင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သေနတ်ရုပ်တု

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှေ့ရှိ သေနတ်ရုပ်တုကို မေ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောပစ်ထွက်စဉ် ဆင်နင်းခံရ၍ သေဆုံး

မီလန် မေ ၁၁

ဇင်ဘာဘွေနိုင်ငံတွင် အပျော်တောပစ်ရန် ထွက်လာသည့် အီတလီဖက်ရှင်ဒီဇိုင်း ဆရာမ အင်နာပိုလီနာရီ၏ အမျိုးသားဖြစ်သူ ဂီအင်ပါအိုလိုတာရာဘီနီသည် ဆင်တစ်ကောင်၏ တိုက်ခိုက် သတ်ဖြတ်မှုကြောင့် သေဆုံးသွားကြောင်း ၎င်းတို့၏ ကုမ္ပဏီက ပြောကြားသည်။

အာဖရိကသို့ တောလည်ပစ်ရန် လာနေကျဖြစ်သော တာရာဘီနီသည် မေ ၅ ရက်က ၎င်း၏သူငယ်ချင်းနှင့် အတူ ဇမ်ဘီဇီချိုင့်ဝှမ်းသို့ ရောက်လာစဉ် ဆင်နှစ်ကောင်အနက် တစ်ကောင်၏ နင်းခြေခြင်းကို ခံလိုက်ရခြင်း ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

အိန္ဒိယ၌ အပူလှိုင်းကျရောက် အနည်းဆုံး ၅၃ ဦးသေဆုံး

နယူးဒေလီ မေ ၁၁

အိန္ဒိယနိုင်ငံ၌ အပူလှိုင်းကျရောက်ခဲ့ရာ အနည်းဆုံး လူ ၅၃ ဦး သေဆုံးသွားပြီဖြစ်ကြောင်း၊ နယူးဒေလီရှိ အာဏာပိုင်များက ကလေးများအား နေပူထဲမထွက်ရန် အမိန့်ထုတ်ပြန်ထားကြောင်း ရိုက်တာက ဖော်ပြသည်။

သိရ

သေဆုံးသူအများစုမှာ ဥတ္တရပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်း လူဦးရေထူထပ်သော ဒေသမှဖြစ်ပြီး ၁၆ဦး သေဆုံးခဲ့ကြောင်း၊ အော်ရစ်ဆာ ပြည်နယ်၌ ၁၁ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အမြင့်ဆုံး

နယူးဒေလီရှိ ထောင်ပေါင်းများစွာသော ကျောင်းသားလူငယ်များ ယင်းတို့၏ အားလပ်ရက်ကို စတင်ချိန်တွင် အပူချိန်မှာ အမြင့်ဆုံး ၁၁၁ ဒသမ ၉ ဖာရင်ဟိုက်ရှိကြောင်း ယခုနှစ် ပျမ်းမျှ အပူချိန်ထက် ၄ ဒီဂရီ အထက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

တူရကီနိုင်ငံ၌ အစာအဆိပ်သင့် သုံးဦးသေဆုံး၊ ၁၁၁ ဦးဆေးရုံတင်ပို့ခဲ့ရ

အန်ကာရာ မေ ၁၁

တူရကီနိုင်ငံ အလယ်ပိုင်း နစ်ဂ်ဒီ ပြည်နယ်ရှိ မြို့တစ်မြို့တွင် ကျင်းပသည့် ညစာစားပွဲ၌ အဆိပ်မိ၍ လူသုံးဦးသေဆုံးခဲ့ရပြီး ၁၁၁ ဦးအား ဆေးရုံတင်ပို့လိုက်ရကြောင်း အနာတိုလီယာသတင်းအေဂျင်စီက မေ ၉ ရက်၌ ဖော်ပြခဲ့သည်။

ပြောကြား

နစ်ဂ်ဒီပြည်နယ် အနာတိုလီယမ်မြို့ရှိ ကျေးရွာရှိအိမ်တစ်အိမ်၏ ဈာပနအခမ်းအနားတွင် ကျွေးမွေးဧည့်ခံသော ညစာစားပွဲတွင် စားသုံးကြပြီးနောက် အမျိုးသမီးနှင့်ကလေးများစွာကို ဆေးရုံတင်ခဲ့ရခြင်းဖြစ်ကြောင်း ဆေးရုံအုပ်ပါမောက္ခ ဒိုဂါနာက ပြောကြားသည်။

ကုသ

လူနာ ၁၁၁ ဦးတွင် ခုနစ်ဦးအား အထူးဂရုတစိုက် ဆေးဝါးကုသပေးနေရပြီး ကျန်လူနာများ၏အခြေအနေ မစိုးရိမ်ရကြောင်း ဒိုဂါနာက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာများကို မေ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

■ *ကျောဖုံးမှ*

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များလိုက်ပါလျက် မန္တလေးတပ်နယ်ခန်းမအနီး၌ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရုံးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင် ၂၈၇၀၀၀ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ငါးမွေးမြူရေးလုပ်ငန်းရှိ ငါးမွေးမြူရေးကန်များ၌ ငါးများမွေးမြူထားရှိမှုနှင့် ကန်ပေါင်များပေါ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် တံခွန်တိုင်ရှိ နယ်မြေခံတပ်သို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ တပ်မှူးဗိုလ်မှူးကြီးကျော်တင့်က ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အိမ်ထောင်သည်လိုင်းများ၌ ခြံစည်းရိုးကြက်ဆူပင် နှစ်သောင်းကျော် စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် ကျောက်ဆည်မြို့နယ် တံစိုး-မြစ်သားလမ်း မိုင်တိုင်(၁/၇)ရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးခဲ့ပြီး ပျိုးဥယျာဉ်အတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်းပိုင်းရှိ မြေ ၂၃ဧကေ၌ ခြံစည်းရိုးကြက်ဆူပင် ၂၇၆၀၀နှင့် ဆည်မြောင်းဘောင်မြေ ၂၉ဧကေ၌ ခြံစည်းရိုးကြက်ဆူပင် ၃၄၄၀၀စိုက်ပျိုးထားရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်ဖြင့် ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်းအတိုင်း ထွက်ခွာလာကြပြီး မိုင်တိုင်အမှတ် (၃/၀) ကျောက်ဆည်မြို့နယ် မြင်းကဘက်ကျေးရွာအုပ်စု တုံလုံကွင်းရှိ ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးထွန်းက မြေ ၂၁သမ၃၁ ဧကေဖော်ထုတ်၍ ကြက်ဆူပင် ၃၀၆၀ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

လိုအပ်သည်များမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၄/၅)နှင့် (၄/၆) အကြား၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ကျောက်ခင်းခြင်းလုပ်ငန်းနှင့် မိုင်တိုင်အမှတ်(၇/၃) မှ (၇/၄)အတွင်း လမ်းခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၉/၀) ရှိ မြစ်သားမြို့နယ်အစ၌ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်းကောင်း၊ မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်းရေလှောင်ဆည် ဆည်အဝင်လမ်းတစ်လျှောက် မြေဧကေ ၄၀၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုကို လည်းကောင်း၊ သစ်တက်ကုန်းရေလှောင်ဆည် ရေသွင်းတံခါးသို့ ရောက်ရှိပြီး ယာယီရေတားဆည်အား ပြုပြင်ရန်နှင့် ရေလွှဲမြောင်းများအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရေမြောင်းများ ဘေးဝဲယာ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ၁၉၉၉ ခုနှစ်ဧပြီ ၁ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၂၇ရက်တွင် ဖွင့်လှစ်ခဲ့သော သစ်တက်ကုန်းရေလှောင်ဆည်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရွှေနန်းတော်စပါး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြစ်သားမြို့နယ် ခန္တီးလေးကျေးရွာရှိ တောင်သူ ဦးမြင့်ထူး၏ ရွှေနန်းတော်စပါး မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးစိုက်ကွင်းသို့ ရောက်ရှိရာ တောင်သူကိုယ်တိုင် စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှုကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပျိုးခင်း၌ ပျိုးကြဲခြင်း၊ စပါးစိုက်ခင်းများ၌ မျိုးသန့်စင်ရန် မျိုးကွဲဖယ်ထုတ်ခြင်းနှင့် မြေသြဇာဘိုကာရှိ မြေဆွေးကျွေးခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ အဆိုပါစိုက်ကွင်း၌ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် နွေစပါးအဖြစ် မနောသုခ ၆၄ ဒသမ ၄၅ဧကေ၊ ရွှေမြန်မာ ၁၂ ဒသမ ၃၅ဧကေနှင့် ရွှေသွယ်ရင် ၁၁ ဒသမ ၂၅ ဧက စိုက်ပျိုးပြီး မျိုးသန့်များ ထုတ်လုပ်လျက်ရှိသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ်(၃၈၃)နှင့်(၃၈၄) အကြား ကုက္ကိုစုကျေးရွာအနီး၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒေသခံပြည်သူ ၆၀၀၀ကျော်တို့က ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀ကို ရန်ကုန်-မန္တလေးလမ်းဘေး ဝဲယာတစ်လျှောက်၌ စုပေါင်းစိုက်ပျိုးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကုက္ကိုစုကျေးရွာ ကွင်းအမှတ်(၅၁၀-က)ရှိ စိုက်ဧကေ ၁၀ဧကေ၌ တောင်သူ ဦးမောင်သန်း စိုက်ပျိုးထားသည့် ငွေချည်-၂ ဝါမျိုး၊ မိုးကြိုချည်မျှင်ဝါ စံပြကွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်း ကျောက်ဆည်ခရိုင်မြစ်သားမြို့နယ်၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါဧကေ ၁၃၅၀၀ စိုက်ပျိုးရန်လျာထားခဲ့ပြီး ၁၃၅၇၇ဧကေ စိုက်ပျိုးနိုင်ခဲ့သဖြင့် ပြီးစီးမှုမှာ ၁၀၀ဒသမ၅၇ဧကေ ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၆၆/၃)မှ (၃၆၆/၆)ထိ ဆည်မြောင်းဦးစီးဌာန (ကင်းတား)က စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး ဆည်ဘောင်များ၊ လမ်းဘေးဝဲယာတစ်လျှောက်နှင့် ဌာနဆိုင်ရာများ ရပ်ကွက်နှင့် ကျေးရွာများရှိ မြေလွတ်များ၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန်နှင့် ဆည်စံပြ၊ မြို့စံပြနှင့် ကျေးရွာစံပြများဖြစ်အောင် ဆောင်ရွက်ရေးအတွက် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ်(၃၅၁/၂)အနီး ဝမ်းတွင်း-သာစည်-မိတ္ထီလာ နယ်စပ်ဆုံ၌ ကျင်းပသည့် မိတ္ထီလာခရိုင် ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးကြပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ်၊ ပဲခင်းကျော်ကျေးရွာအုပ်စု၊ တမာကုန်းကျေးရွာအနီးရှိ တော်ဝင်ကုမ္ပဏီမှ စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူ ၁၇၀ဧကေ စိုက်ခင်းအား ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

လိုအပ်ချက်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင်အတွင်း ခရိုင်အဆင့် ဌာနဆိုင်ရာအသီးသီး၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်-မန္တလေးလမ်း(၃၅၁/၆)ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်ဦးမြင့်စိုး (တိုက်ဂါးသောက်ရေသန့်)၏ ခြံစည်းရိုးကြက်ဆူ ငါးဧကေ စိုက်ခင်းအခြေအနေ၊ ပုဂ္ဂလိကလုပ်ငန်းရှင် ဒေါ်ခင်အုန်းမြင့်၏ ခြံစည်းရိုးကြက်ဆူ ငါးဧကေစိုက်ခင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ဦးဝင်းသိန်း၏ ခြံစည်းရိုးကြက်ဆူ နှစ်ဆယ့်ငါးဧကေ စိုက်ခင်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် ကန်သာကျေးရွာအုပ်စု စပ်ခင်းပေါက်ကျေးရွာ မျိုးသန့်စံပြရွာ ကွင်းအမှတ်(၆၁၂)၌ တောင်သူ ၄၉ဦးတို့က လယ်မြေ ၁၃၃ ဧက၌ နွေစပါး စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ မိတ္ထီလာမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတင်ဝင်းက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာတပ်နယ်၏ ၂၀၀၆ခုနှစ် မိုးရာသီခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကြရာ ရေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဦးကျော်က မိုးရာသီခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားမှုကို ရှင်းလင်းတင်ပြပြီး ဗိုလ်မှူးချုပ် ခင်မောင်တင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တပ်နယ်အရာရှိ၊ စစ်သည်မိသားစုများက ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ အဆိုပါစိုက်ကွင်း၌ ခြံစည်းရိုးကြက်ဆူပင် ၄၈ဧကေစိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ကျန်ဧကေများကို ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည်အဖွဲ့ဝင်များနှင့်အတူ မြေပြင်အတတ်သင် လေတပ်စခန်း မြစိမ်းရောင် အထူးအထွက်ကောင်း စပါး စမ်းသပ်စိုက်ခင်း၌ နွေစပါး ရိတ်သိမ်းခြွေလှေ့ခြင်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စပါးစမ်းသပ်စိုက်ခင်း၌ မြစိမ်းရောင် ၁၀ဧကေနှင့် မနောသုခ ၁၅ဧကေတို့ကို စိုက်ပျိုးခဲ့ပြီး ယခုရိတ်သိမ်းခြွေလှေ့သည့် မြစိမ်းရောင်စပါးမှာ တစ်ဧကေအထွက်နှုန်း တင်း ၁၃၀ဖြစ်ကြောင်း သိရသည်။

အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အဖွဲ့ဝင်များနှင့်အတူ လေတပ်စခန်းဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်၌ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ညနေပိုင်းတွင် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ်(၃၁၅/၀)၌ ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြေ၃ဒသမ၅ဧကေ၌ ခြံစည်းရိုးကြက်ဆူပင် ၄၂၀၀စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်က လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည်မိုင်တိုင်အမှတ် (၃၀၀/၅)၌ ရမည်းသင်းမြို့နယ် စုပေါင်းခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စိုက်ခင်းမြေ ၁၂ဧကေ၌ ခြံစည်းရိုးကြက်ဆူပင် ၁၄၄၀၀ကို စိုက်ပျိုးထားရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ထိုမှ ဆက်လက်ထွက်ခွာခဲ့ရာ ညပိုင်းတွင် နေပြည်တော်မြို့တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်တန်ဆောင်းရှိ တရားဟော ဓမ္မာသနပလ္လင်တော် ရွှေသင်္ကန်းကပ်လှူမွမ်းမံခြင်းနှင့် လှျပ်စစ်ရေအေးစက်တစ်လုံးအတွက် တောင်ဥက္ကလာပမြို့နယ် ၃ရပ်ကွက် အမှတ် ၁၇၃ ဇလမ်းနေ ဦးမြင့်အောင်-ဒေါ်ခင်ဆွေ၊ သား ထက်ဦးဝေ၊ သမီး နှင်းဟေမာထွန်းမိသားစုက အလှူတော်ငွေကျပ် ၁၆၀၀၀၀ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဘဏ္ဍာရေးမှူးဦးလှသိန်းတို့ထံ ပေးအပ်စဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်လုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၁၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား မေ ၈ရက် နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း အမရပူရမြို့ အမှတ်(၂-က) ပုံဖော်စက်ရုံ၌ စက်ရုံနှင့် ဖက်စပ်လုပ်ကိုင်နေသော Myanmar Teak Wood Industries မှ မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က စက်ရုံခန်းမ၌ ရှင်းလင်းတင်ပြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စက်ရုံအတွင်းရှိ ခွဲစိတ်ပြီးသစ်ခွဲသားများကို လှည့်လည်ကြည့်ရှုသည်။

မှာကြား

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် အမရပူရမြို့ အမှတ်(၁၀၃) သစ်စက်သို့ရောက်ရှိရာ စက်ရုံမှူး မန်နေဂျာ ဦးမောင်မောင်ကြီးက စက်လည်ပတ်မှုအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂-ခ) ပုံဖော်စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံနှင့် အကျိုးတူဆောင်ရွက်သည့် Win and Win ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးဝင်းဆွေက သစ်ပါးလွှာထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်လံရှင်းလင်း ပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ Hitech သစ်အချောထည်စက်ရုံသို့ရောက်ရှိလာရာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်က စက်ရုံနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း သစ်အချောထည်ထုတ်လုပ်နေမှု၊ ပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှုနှင့် နိုင်ငံခြားတင်ပို့မည့် ပရိဘောဂပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိုင်ဟေဝန်ဖုဒ်စင်တာ(၁၀)နှစ်မြောက်အခမ်းအနားနှင့် ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် မေ ၁၁

ယနေ့တွင် ကျရောက်သော မြိုင်ဟေဝန်ဖုဒ်စင်တာ၏ (၁၀)နှစ်မြောက် အခမ်းအနားကို ရန်ကုန်မြို့ စမိုင်လမ်းဆုံရှိ မြိုင်ဟေဝန်ဖုဒ်စင်တာဝင်း၌ နံနက်ကိုးနာရီခွဲက ကျင်းပရာ အခမ်းအနားမှူးအဖြစ် Operation Manager ဒေါ်မေသူမြင့်က ဆောင်ရွက်ပြီး ဧည့်သည်တော်များအား မန်နေဂျင်းဒါရိုက်တာ ဒေါ်ဥမ္မာမြင့်က ကျေးဇူးတင် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် (၁၀)နှစ်တာ အားပေးခဲ့ကြသော ဈေးဝယ်ယူသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကံစမ်းမဲရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆု လေးသိန်းတန် ဈေးဝယ်ခွင့်ကတ်ကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မင်းမော်ကွန်း **(အောက်ဝဲပုံ)** က လည်းကောင်း၊ ဒုတိယ နှစ်သိန်းဆုနှင့် တတိယ တစ်သိန်းတန် ဈေးဝယ်ခွင့်ကတ်တို့ကို ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က လည်းကောင်း၊ နှစ်သိမ့်ဆု ငွေကျပ်ငါးသောင်းတန် ဈေးဝယ်ခွင့်ကတ်ခုနစ်ဆုကို Talent & Model မှ သင်တန်းသူများက လည်းကောင်း မဲဖောက်ပေးကြသည်။

ယနေ့မှ မေ၁၃ရက်အထိ ဈေးရောင်းပွဲကို ကျင်းပရာ Dumex, Pretty-T, Yay Nan Thu Zar, Wai Di, Golden Bell, S II M, Ii Fashion, Paramount, Ninesix, Ever Top, Walco, Green Elephant စသည့်ဆိုင်များက နံနက် ၉နာရီမှ ည၉နာရီ အထိရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထို မဟာဘုံကထိန် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်စီမင်္ဂလာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ရတနာအုတ်နှင့် ရတနာကြုတ်စီသွင်းပေး ခမိန့်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် မေ ၁၁

မွန်ပြည်နယ် ကျိုက်ထိုမြို့ မဟာဘုံကထိန် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါဗိမာန်တော်ကြီး တည်ဆောက်ရေးမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကျိုက်ထိုတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ မြို့နယ်သာသနာ့ဗိမာန်တော်ကြီး ရှင်းလင်းဆောင်တွင် သာသနာ့ဗိမာန် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြို့နယ်သာသနာရေးဦးစီးဌာနမှူး ဦးမောင်ညိုက အပ်နှံပေးသော ရတနာအုတ်များနှင့် ရတနာကြုတ်များတို့ကို မင်္ဂလာအုတ်မြစ်စီနေရာသို့ သယ်ဆောင်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက မင်္ဂလာအချိန်တွင် ရတနာအုတ်များနှင့် ရတနာကြုတ်တို့ကို သတ်မှတ်နေရာအလိုက် စီသွင်းပေး၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

အလှူငွေပေးအပ်ပွဲတက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုက်ပေါ်လောမဲ့ရှင်ဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး ဘုရားဓမ္မာရုံတွင် ကျင်းပသည့် မဟာဘုံကထိန်မြို့နယ် သာသနာ့ဗိမာန်တော် တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်သာသနာ့ဗိမာန် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ဦးအေးအောင်တို့က လက်ခံကြသည်။

ဆက်လက်၍ အလှူရှင်များက မတည်အလှူငွေ ကျပ်သိန်း ၁၀၀ ကို အလှူရှင်များ ကိုယ်စား ဦးခွန်ဖေ မိသားစုကလည်းကောင်း၊အလှူရှင်များက လှူဒါန်းငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျိုက်ထိုမြို့ လေသာကျောင်းတိုက် ဆရာတော်ထံမှ ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် သာသနာ့ ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် ပထမအကြိမ်အဖြစ် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၄၂၈သိန်းကို လှူဒါန်းကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် ဩဝါဒါစရိယဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထောက်ပံ့ငွေပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုက်ထိုမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ပညာတံခွန်စာကြည့်တိုက်ခန်းမ၌ ဆရာဆရာမများအား တွေ့ဆုံမှာကြားကာ ထောက်ပံ့ငွေများကို ပေးအပ်ပြီး အလျား ပေ ၁၃၀၊ အနံပေ ၃၀၊ အမြင့် ၂၂ပေရှိ လေးခန်းတွဲနှစ်ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျိုက်ထိုမြို့နယ် ခမိန့်ကျေးရွာနှစ်ရှည်သစ်ဆိမ့်ပင်စိုက်ခင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင် တပျော်တပါး စိုက်ပျိုးနေမှုများကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ရှင်းလင်းမှာကြား

ထို့နောက် တိုင်းမှူးသည်ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့များ၊ ကြက်ဆူပျိုးကိုင်းပင်များ၊ ကြက်ဆူပျိုးပင်များကို ကြည့်ရှုပြီး တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျိုက်ထိုမြို့ ခမိန့်ကျေးရွာနှစ်ရှည်သစ်ဆိမ့်ပင်စိုက်ခင်းတွင် ခြံစည်းရိုးကြက်ဆူပင် ငါးဧက၌ ကြက်ဆူပျိုးပင် ၆၀၀၀ကိုစိုက်ပျိုးထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၉၈၇ခုနှစ် ဥပဒေကျောင်းသားဟောင်းများ ဒုတိယအကြိမ် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် မေ ၁၁

၁၉၈၇ ခုနှစ်တွင် တက်ရောက်ခဲ့ကြသည့် ဥပဒေမောင်နှမများ၏ ဒုတိယအကြိမ် မိတ်ဆုံစားပွဲကို Excel Shopping Centre ရွှေဂုံတိုင် ဗဟန်းမြို့နယ်တွင် မေ ၂၇ရက် ညနေ ၄နာရီ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်နှင့်နယ်ရောက် ဥပဒေမောင်နှမများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ မိတ်ဆုံစားပွဲနှင့် ပတ်သက်၍ သိလိုပါက ဒေါ်ယုယုခင် ဖုန်း-၀၉-၅၀-၁၁၅၈၅ နှင့် ဒေါ်ယဉ်ယဉ်အေး ဖုန်း-၀၁-၃၈၃၉၆၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်း

ရန်ကုန် မေ ၁၁

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာတွင် ကဆုန်လပြည့် (ကြာသပတေးနေ့)တွင် ညောင်ရေသွန်းပွဲတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီက မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (ဝဲပုံ)

မင်္ဂလာအခမ်းအနားကို ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဖွင့်လှစ်ပြီး ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ကဝိဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အရှင်မြတ်က ညောင်ရေသွန်းတရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူသည်။

ဆက်လက်၍ ဆရာတော်အမှူးပြုသော သံဃာတော်များ၊ ယောဂီညှို့ ပရိသတ်များက "ယဿမုလေနိ သိန္နောယော" အစရှိသော ညောင်ရေသွန်း ဂါထာတော်များ၊ ဗောဓိရုက္ခဂီတိ ရှစ်လုံးဘွဲ့ကဗျာများရွတ်ဆို၍ ကျောင်းပရဝဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြသည်။ (သတင်းစဉ်)

ရွာရန်ရာနှုန်း ၆၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

လောကရန်နိုင်မာရဇိန် ဆုတောင်းပြည့်စေတီတော် ပဌာန်းပူဇော်ပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပ

ရန်ကုန် မေ ၁၁

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ အမှတ်(၁)ဝိုင်းကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် လောကရန်နိုင်မာရဇိန် ဆုတောင်းပြည့်စေတီတော်၏ (၁၁) ကြိမ်မြောက် ပဌာန်းပူဇော်ပွဲနှင့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ လောကရန်နိုင်မာရဇိန် ဆုတောင်းပြည့်စေတီတော် ဦးစီးနာယက ပျဉ်းမနားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြ၍ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက ရေစက်ချအနုမောဒနာတရားချီးမြှင့်ကာ ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် လောကရန်နိုင် မာရဇိန်ဆုတောင်းပြည့်စေတီတော်ရင်ပြင်ရှိ မဟာဗောဓိညောင်ပင်၌ ဆရာတော် သံဃာတော်နှင့် ဧည့်ပရိသတ်တို့က ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၁ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဗောဓိ ဆုတောင်းပြည့်စေတီတော်ဝင်းအတွင်းရှိ သီရိလင်္ကာနိုင်ငံမှ ဓမ္မလက်ဆောင်အဖြစ်ရရှိသော ဗောဓိညောင်ပင်အား ဩဝါဒါစရိယဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ ညောင်ရေသွန်းပူဇော်စဉ်။ (က-ပ)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်ထုတ်လုပ်မည့် တရုတ်နိုင်ငံ၏ လျှိုမြောင်သုံးသွယ်ဆည် ပြီးစီးလုနီး

တရုတ်နိုင်ငံ၏ လျှိုမြောင်သုံးသွယ်ဆည်တည်ဆောက်ခြင်းကို မေ ၂၀ရက်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ မူလစီစဉ်ထားမှုထက် ကိုးလစောပြီးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

သို့ရာတွင် ဂျင်နရေတာအချို့ကို တပ်ဆင်နေဆဲဖြစ်ပြီး ၂၀၀၉ခုနှစ်တွင် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနိုင်မည်ဟု မျှော်လင့်ရကြောင်း သတင်း၌ဖော်ပြသည်။

ယင်းဆည်ကြီးကို ၁၉၉၃ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ကမ္ဘာ့အကြီးဆုံးရေအားလျှပ်စစ်ထုတ်လုပ်ပေးမည့် ဆည်ကြီးဖြစ်လာမည်ဖြစ်သည်။

၎င်းဆည်ကြီးကို ရီချန်းဒေသရှိ ယန်စီမြစ်ပေါ်တွင်ဖြတ်၍ တည်ဆောက်ခြင်းဖြစ်သည်။ ဆည်တည်ဆောက်ရေးစီမံကိန်းအတွက် ဒေါ်လာ ၂၂ဘီလီယံသုံးစွဲထားကြောင်း သိရသည်။

အဆိုပါဆည်သည် အလျား ၇၆၀၀ပေ ရှည်လျားပြီး လိုအပ်သောလျှပ်စစ်ဓာတ်အား အများအပြားကို ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ရေကြီးခြင်းကိုလည်း ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။ (ကိုးကား-အင်တာနက်)

အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ် သီးနှံသုံးမျိုးနှင့် နှစ်ရှည်ပင် တိုးချဲ့စိုက်ပျိုး ဒေသနှင့်ကိုက်ညီဖြစ်ထွန်းအောင်မြင်မည့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်

နေပြည်တော် မေ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မေ ၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်မြို့တော်မှ မော်တော်ယာဉ်ဖြင့် ပဲခူးတိုင်း ရေနီမြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် တောင်ငူမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့်အတူ တောင်ငူမြို့ရှိ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တောင်ငူတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် နိုင်ငံတော်က စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဇီဝလောင်စာဆီ ထုတ်ယူအသုံးပြုနိုင်သည့် ခြစ်ဆီးရိုးကြက်ဆူပင်များကို မိသားစုအလိုက် တပ်ရင်းတပ်ဖွဲ့များအလိုက် ဝင်ငွေတိုးစေမည့်လုပ်ငန်းအဖြစ် တိုးချဲ့စိုက်ပျိုးသွားကြရေး၊ မိသားစု သက်သာချောင်ချိမှုရရှိစေရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တက်ရောက်အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် မေ ၁၀ ရက် နံနက် ၇ နာရီတွင် တောင်ငူတပ်နယ်၌ ကျင်းပသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ခြစ်ဆီးရိုးကြက်ဆူပျိုးပင် တစ်သိန်းနှစ်သောင်းပေးအပ်ပွဲနှင့် ကြက်ဆူပင် ဧက ၁၀၀ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ခြစ်ဆီးရိုးကြက်ဆူပျိုးပင်များအား တပ်ရင်း တပ်ဖွဲ့မှူးများထံ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဧည့်သည်တို့က ကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် အရာရှိ စစ်သည်မိသားစုများက ခြစ်ဆီးရိုးကြက်ဆူပင်ဧက ၁၀၀ အား စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များတွင် ခြစ်ဆီးရိုးကြက်ဆူပင်များကို စီမံချက် ချမှတ်စိုက်ပျိုးလျက်ရှိရာ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက ၁၀၀၀၀၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၁၀၀၀၀၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဧက ၁၀၀၀၀ စုစုပေါင်း ဧက ၃၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၀၈ ခုနှစ်တွင် အပြီးစိုက်ပျိုးသွားမည်ဖြစ်သည်။ ယခုအထိ ခြစ်ဆီးရိုးကြက်ဆူပင်ဧက ၄၅၀ စိုက်ပျိုးပြီးဖြစ်ကာ မျိုးစေ့ဧက ၁၅၀၀ နှင့် ပျိုးထောင်ပြီး အပင် ၂၅၀၀ စုစုပေါင်း ဧက ၄၀၀၀ အတွက် ပျိုးပင်ပေါင်း ၄၈ သိန်း ပျိုးထောင်ထားရှိပြီး ယခုကာလတွင် အပြီးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တစ်တပ်တစ်အားစိုက်ပျိုး

ပဲခူးတိုင်းတွင် သုံးနှစ်အတွင်း ခြစ်ဆီးရိုးကြက်ဆူဧက ငါးသိန်း စိုက်ပျိုးရေးအတွက် တပ်ရင်းတပ်ဖွဲ့များအပြင် ဌာနဆိုင်ရာများ၊ ပြည်သူများကလည်း တစ်တပ်တစ်အား စိုက်ပျိုး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၇ နာရီခွဲတွင် တိုင်းစစ်ဌာနချုပ် ခန်းမ၌ ကျင်းပသော တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးတိုင်း၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆန်စပါးနှင့် ဆီအထွက်နှုန်း၊ ဝမ်းစာဖူလုံမှု၊ ကြက်ဆူပင်များ စိုက်ပျိုးမှု၊ အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးနှင့် နှစ်ရှည်ပင်သုံးမျိုး စိုက်ပျိုးမှု၊ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးအား ဧကနှစ်သိန်း တိုးချဲ့၍ ပဲခူးတိုင်း တစ်တိုင်းလုံး မိုးစပါးဧက သိန်း ၃၀ ပြည့်မီအောင် စိုက်ပျိုးမည့် စီမံချက်များအား အသေးစိတ် ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ လူနေမှုဘဝ မြင့်မားစေရန် ဆောင်ရွက်ပေးလျက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း အောက်ခြေဆင်းပြီး ပြည်သူများနှင့် လက်တွဲကာ ဌာနအလိုက် မိမိတို့ သက်ဆိုင်ရာ တာဝန်များကို စေတနာထား၍ ကြိုးပမ်းဆောင်ရွက် သွားကြရန်ဖြစ်ကြောင်း၊ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြုကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို ဦးဆောင်နေသော တိုင်းခြောက်တိုင်းတွင် တစ်တိုင်းအပါအဝင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်း၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ယခုထက် ပိုမိုအရှိန်အဟုန်မြင့်တင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခု သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအရ စိုက်ပျိုးရေးကဏ္ဍတွင် လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ထိုအောင်မြင်မှုများကို ထိန်းသိမ်း၍ ပိုမိုတိုးတက်အောင်မြင် မှုများရရှိစေရန် ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွက် ဝမ်းစာဖူလုံမှုရရှိနေသည်ကို တင်းတိမ်ရောင့်ရဲမနေဘဲ ပြည်တွင်း ဖူလုံမှုရရှိစေရန်သာမက ပြည်ပသို့ တင်ပို့နိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန် ဆန်စပါးသာမက အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

ပံ့ပိုးကူညီ

အထူးသဖြင့် ဒေသ၏ ရေမြေသဘာဝ ရာသီဥတုတို့နှင့် ကိုက်ညီဖြစ်ထွန်းအောင်မြင်မည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင် သွားကြရန် အရေးကြီးကြောင်း ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း အောက်ခြေအထိဆင်း၍ ဒေသခံ တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က စီမံချက်ဖြင့် အလေးထားဆောင်ရွက်လျက်ရှိသော ဇီဝလောင်စာဆီ ထုတ်ယူအသုံးပြုနိုင်သည့် ခြစ်ဆီးရိုးကြက်ဆူပင်များကို လျာထားချက်ပြည့်မီကျော်လွန် အောင်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် လောင်စာဆီလိုအပ်မှုများကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကြက်ဆူပင်များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက တစ်ဦးချင်း၊ မိသားစုများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအလိုက် စိုက်ပျိုးနိုင်သလောက် တိုးချဲ့စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရှိရန် အဓိကအားဖြင့် နိုင်ငံတော် အေးချမ်းသာယာ တည်ငြိမ်ရေး၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးများသည် လိုအပ်ချက်များဖြစ်ကြောင်း။

ဟန်ချက်ညီညီ

အဆိုပါ အဓိက လိုအပ်ချက်ပြည့်စုံစေရန် နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်လျက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် စီမံကိန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ကြောင်း၊ မြို့များကိုသာမက နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများကိုပါ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်တစ်ဝန်းအကြားအလပ်မရှိ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအားလုံးကလည်း ဟန်ချက်ညီညီ တက်တက်ကြွကြွ တာဝန်ကျေပွန်စွာ ကြိုးစားဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း။

မိမိအနေဖြင့် အထူးမှာကြားလိုသည်မှာ ယခုနှစ်တွင် ပဲခူးတိုင်း၌ နွေစပါးစိုက်ဧက လေးသိန်း၊ မိုးစပါးစိုက်ဧက သိန်း ၃၀ စိုက်ပျိုးရန် လျာထားရာ မိုးရာသီ စတင်ရောက်ရှိလာပြီဖြစ်၍ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက လျာထားချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်းဖြင့် မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့မှ ၁၂ မိုင်အကွာ ထုံးဘိုကျေးရွာအနီး၌ ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူတည်ဆောက်မည့် သောက်ရေခပ်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ယာယီရှင်းလင်းမဏ္ဍပ်၌ ရေအားလျှပ်စစ်ဦးစီးဌာနတည်ဆောက်ရေး(၃)မှ ညွှန်ကြားရေးမှူး ဦးတင့်လွင်က စီမံကိန်းတည်နေရာနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အချိန်မီပြီးစီးရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စီမံကိန်းလုပ်ငန်းများအောင်မြင်ရန်နှင့် အချိန်မီ စနစ်တကျ ပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရှုရပ်မှ တမံတည်ဆောက်မည့်နေရာတွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မည့်နေရာများကို ကြည့်ရှုရာ **(အပေါ်ပုံ)** တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီးစီးသွားပါက တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၄၀ ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၆၇၀ နာရီ သန်းပေါင်း ထုတ်လုပ်အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဖြည့်စွက်တင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က မြေရိုင်းဧက ၂၀၀၀ အား ဖော်ထုတ်၍ စိုက်ပျိုးလျက်ရှိသော ကေတုမတီ ဘက်စုံသီးနှံစိုက်ကွင်းသို့ ရောက်ရှိရာ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ပြုံးချိုက စပါး၊ ကြံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှု၊ မြေလွတ် မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်၍ တိုးချဲ့စိုက်ပျိုးရန် လျာထားမှုနှင့် ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြေလွတ်မြေလပ်မှန်သမျှ တစ်ဧကမျှ မကျန်အောင် တိုးချဲ့ဖော်ထုတ်စိုက်ပျိုးသွားကြရေး၊ ရာသီအလိုက် ဖြစ်ထွန်းအောင်မြင်မည့် သီးနှံများ၊ နှစ်ရှည်ပင်များ ရွေးချယ်စိုက်ပျိုးသွားကြရေးနှင့် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားကြရေးတို့ကို မှာကြားသည်။

ကေတုမတီဘက်စုံသီးနှံစိုက်ကွင်းသည် ရန်ကုန်-မန္တလေး ကားလမ်းမကြီးအနီးရှိ ကျွန်းကုန်းကျေးရွာအုပ်စုနှင့် ဒိုးအင်းကျေးရွာအုပ်စုကြား၌ တည်ရှိပြီး မြေလွတ်မြေရိုင်းဧက ၂၀၀၀ ကျော်အား ဖော်ထုတ်၍ ယခုနှစ်တွင် ခြံစိုက်ဧက ၉၀၀ ကျော်နှင့် စပါးဧက ၄၀၀ ကျော် စုစုပေါင်းဧက ၁၃၀၀ ကျော်အား စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ကျန်ဧကများအား စပါးနှင့် ကြံသီးနှံတို့အား ဆက်လက်တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ညနေပိုင်းတွင် နေပြည်တော်မြို့တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၂-၅-၂၀၀၆ရက်

(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒ ဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ ရိုးရာကျေးလက်ကစားနည်း
၈း၀၀ ၇။ အကပြိုင်ပွဲ
၈း၀၅ ၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၁၅ ၉။ အတီးပြိုင်ပွဲ
၈း၂၅ ၁၀။ ကျောက်ကြီးပေါက်တံတား
၈း၃၀ ၁၁။ International News
၈း၄၅ ၁၂။ Happy and Educational English Summer Course MRTV

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၂၅ ၇။ မြန်မာစာ မြန်မာစကား
၁၇း၄၀ ၈။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇း၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၈)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း-၅)

12-5 (07).p65 1 1/11/32, 12:09 AM

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများ၌ ဗုဒ္ဓဘာသာဝင်များ၏ ညောင်ရေသွန်းလောင်းပူဇော် ကုသိုလ်ယူမှု မြင်ကွင်း

ကျော်ဖုံးမှ

ရွှေတိဂုံဘုရား၏ (၂၃)ကြိမ်မြောက် မဟာဗောဓိ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ၁၃၆၈ ခုနှစ် ကဆုန်လပြည့် (ကြာသပတေးနေ့) နံနက် ၇ နာရီက ကျင်းပခဲ့ရာ ဆရာတော်၊ သံဃာတော်များ၊ ရွှေတိဂုံစေတီ ဂေါပကအဖွဲ့ဝင် လူကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပါဝင်တက်ရောက်ခဲ့ကြသည်။ အခမ်းအနားအစီအစဉ်များ ပြီးဆုံးသည့်အခါ ရဟန်းရှင်လူ ပြည်သူများက ရင်ပြင်တော် အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား စနစ်တကျဖြင့် ရေသွန်းလောင်းကြလေသည်။

ရွှေတိဂုံစေတီတော်ရှိ ဗောဓိညောင်ပင်များအား ရေသွန်းလောင်းလှူပွဲတော်နှင့် ပတ်သက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးထွန်းရွှေက "အရင်နှစ်တွေက ရွှေတိဂုံဘုရား ထောင့်လေးထောင့်မှာ အုပ်စုလေးစုခွဲပြီး ကျင်းပခဲ့ပါတယ်။ အင်္ဂါ၊ စနေ၊ ရာဟုနဲ့ တနင်္ဂနွေထောင့်တွေမှာပါ။ ဒီနှစ်မှာတော့ အုပ်စု ငါးအုပ်စုခွဲပြီး ကျင်းပခဲ့ပါတယ်။ စနေနဲ့ ဗုဒ္ဓဟူးထောင့်တွေမှာ အဖွဲ့ငယ်နှစ်ခုခွဲပြီး ညောင်ရေသွန်းပွဲ ပြုလုပ်ခဲ့လို့ ကျွန်တော်တို့ ဂေါပကအဖွဲ့အနေနဲ့ အလုပ်ကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောင်နှစ်တွေမှာလဲ ဒီအတိုင်း အစဉ်အလာမပျက် ဆောင်ရွက်သွားမှာပါ"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ရာသီဥတုသာယာသဖြင့် ရွှေတိဂုံဘုရား ရင်ပြင်တော်ရှိ ထောင့်လေးထောင့်တွင် ဗောဓိပင်ကို ရေသွန်း

ကဆုန်လပြည့်(ဗုဒ္ဓနေ့)က မဟာဗေဓေယျ အတုလမာရဇိန် ကြေးသွန်းဘုရားတွင် ဘုရားဖူး ပြည်သူများ ဤသို့ ကောင်းမှုပြုကြသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)



ကဆုန်လပြည့်(ဗုဒ္ဓနေ့)က မဟာဝိဇယစေတီတော်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းရန်လာရောက်ကြသော ဝတ်အသင်းအဖွဲ့များ ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ကုသိုလ်ယူနေကြသော ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူး ပြည်သူများကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရင်ပြင်ရှိ မဟာဗောဓိညောင်ပင်၌ ဘုရားဖူး ပြည်သူများက ကုသိုလ်ယူ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ဆူးလေစေတီတော်တွင် ကုသိုလ်ယူသူများဖြင့် အထူးစည်ကားများပြားလှသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညနေပိုင်းက ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ပေါ်ရှိ မဟာဗောဓိညောင်ပင်၌ ပြည်သူများ ကဆုန်ညောင်ရေ သွန်းလောင်းကြစဉ်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

12-5 (08).p65 2 1/11/32, 12:09 AM

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က (၂၃)ကြိမ်မြောက် ရွှေတိဂုံစေတီတော် ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ပွဲကို စေတီတော်ရင်ပြင်တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများက ပရိဘောဂစေတီ (မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေကမင်္ဂလာအနေကဇာတင် အခမ်းအနားကျင်းပစဉ်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လောင်းနေသူများမှာ ကြက်ပျံမကျ စည်ကားလျက်ရှိသည်။ ညောင်ရေသွန်းလောင်းသူ၊ အလှူဒါနပြုသူနှင့် ဘုရားဖူးလာသူ ပြည်သူတို့ကား ရွှေတိဂုံဘုရားရင်ပြင်တွင် နေရာလွတ်မရှိအောင်ပင် ပြည့်လျက်ရှိနေသည့် မြင်ကွင်းမှာ ဗုဒ္ဓဘာသာဝင်များ၏ ဘာသာရေးအပေါ် စိတ်အာရုံ ကိုင်းညွတ်မှု မည်မျှရှိနေသည်ကို ပြသနေသည်။ စိတ်ချမ်းမြေ့စရာမြင်ကွင်းပင်ဖြစ်သည်။

ရွှေတိဂုံဘုရား၏ (၂၃)ကြိမ်မြောက် မဟာဗောဓိ ညောင်ရေသွန်းပွဲတော်ကိုလာရောက်သူ တစ်ဦးဖြစ်သူ ဒေါ်တင်တင်ဦးက ပြောကြားရာတွင် “ကျွန်မက လှိုင်သာယာမှာ နေပါတယ်။ ရွှေတိဂုံဘုရားရဲ့ ရွှေသစ္စာဝတ်အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ကဆုန်ညောင်ရေသွန်းပွဲကို နှစ်တိုင်းလာပြီး ညောင်ရေသွန်းတိုင်း စိတ်ထဲမှာ အရမ်း ကြည်နူးရပါတယ်။ ဗုဒ္ဓဘုရားကို ရည်ညွှန်းပြီး ညောင်ရေသွန်းနေချိန်မှာ ခုနစ်ရက်သားသမီးတွေကို အမျှဝေပေးဖြစ်ပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဗောဓိညောင်ပင်ကို ဘုရားရှင်ကိုယ်စား စိတ်တွင်ညွှတ်ကာ အာရုံပြု၍ ရေသွန်းလောင်းခြင်းသည် မွန်မြတ်သော ပူဇော် ကုသိုလ်ယူမှုဖြစ်ရာ ကောင်းမွန်သော ရေသွန်းလောင်းမှုပင်ဖြစ်သည်။

မဟာဝိဇယစေတီတော်

ထို့နောက် မဟာဝိဇယစေတီတော်၏ ဓမ္မရက္ခိတကုန်းမြေ အင်္ဂါထောင့် ဗောဓိပင်တွင် အကြိမ်(၂၀)မြောက် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ညောင်ရေသွန်းလောင်း ပူဇော်ပွဲကိုကျင်းပရာ ရဟန်းရှင်လူ ပြည်သူ ရာပေါင်းများစွာ ရေသွန်းလောင်းကြသည်။ စိတ်အေးချမ်းမြေ့စွာ ညောင်ရေသွန်းလောင်းနေကြသော ဗုဒ္ဓဘာသာဝင်တို့ကို မြင်တွေ့ရသည်မှာ ဘာသာတရား၏ ငြိမ်းချမ်းမှုကို ကူးစက်ခံစားရလေသည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ပထမအကြိမ် ဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ရေတာရှည်ရပ်ကွက်နှင့် အနောက်ရွှေဂုံတိုင်ရပ်ကွက်တို့၏ ညောင်ရေသွန်းလောင်းပွဲကို ဆုတောင်းပြည့်ဘုရားငါးဆူမဟာဗောဓိပင်၌ ကဆုန်ညောင်ရေ ဤသို့သွန်းလောင်းခဲ့ကြသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ဗုဒ္ဓဂယာသာသနာပြုအဖွဲ့၏ (၂၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကမ္ဘာအေးကုန်းမြေ မဟာဥယျာဉ်တော်ရှိ မဟာဗောဓိညောင်ပင်တွင် ကျင်းပရာ အိန္ဒိယနိုင်ငံ ပရဒေသီ သာသနာပြုဆရာတော် ဒေါက်တာသုန္ဒရ(လုမ္ဗိနီ)၊ သီရိသုဓမ္မသီဂီဒေါ်တင်တင်ဝေနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်နှင့် ဘုရားဖူးများ ကဆုန်ညောင်ရေ သွန်းလောင်းကြစဉ်။
(မြန်မာ့အလင်း)

ဆူးလေစေတီတော်

ထို့အတူ ရန်ကုန်မြို့ ဆူးလေစေတီတော်၏ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဆူးလေစေတီတော်မြောက်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ဗောဓိပင်တွင် ကျင်းပသည်။ ရန်ကုန်မြို့ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဆရာတော်နှင့် ပန်းဘဲတန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ သံဃာတော် ၁၀ ပါးတို့က တရားဂါထာများချီးမြှင့်ပြီး ညောင်ရေသွန်းပွဲအခမ်းအနား စတင်ဖွင့်လှစ်ပေးသည်။

မိုးသည်းသည်း ရွာသွန်းနေသည့်ကြားမှ ဗောဓိပင်ကို ညောင်ရေသွန်းလောင်းနေသူ ပြည်သူတို့၏ ဘာသာတရားအပေါ် ယုံကြည်သက်ဝင်မှုမှာ အံ့သြဖွယ်ရာပင်ဖြစ်သည်။ ဆူးလေရင်ပြင်တော်ပေါ်တွင် အစားအသောက်များ အလှူပေးနေသူ၊ အလှူခံနေသူ၊ ဘုရားဖူးလာသူများနှင့် ပြည့်ကျပ်နေသည်။ ဗုဒ္ဓဘုရားကိုယ်စား ဗောဓိပင်ကို ကြည်ညိုစွာ ရေသွန်းလောင်းနေကြသည့် ဗုဒ္ဓဘာသာဝင်တို့ကား ဆူးလေစေတီ ရင်ပြင်တော်ပေါ်တွင် မရေမတွက်နိုင်အောင် များပြားလှသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူ ဦးစံဝင်းက “ဒီနှစ် ညောင်ရေသွန်းပွဲတော်က အရင်နှစ်တွေကထက် ပိုစည်ကားပြီး အလှူလုပ်တဲ့သူတွေ ပိုများတယ်။ ကိုယ်တတ်နိုင်သရွေ့ လာရောက်လှူဒါန်းသူတွေလဲရှိတယ်။ နေ့ခင်းဘက်မှာ ဆူးလေစေတီတော် ဝန်ထမ်းဝတ်အဖွဲ့တွေက ကဆုန်လပြည့်နေ့နဲ့ သက်ဆိုင်ပြီး ဗုဒ္ဓရှင်တော်မြတ်အား ထူးခြားကြည်ညိုဖွယ်ရာတွေနဲ့ ဝတ်ရွတ်ဖတ်ပူဇော်ကြတယ်။ နောင်နှစ်တွေမှာ ဒီထက်ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ကြိုးစားသွားမယ်”ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ပျားပန်းခပ်မျှ များပြားလှသော ညောင်ရေသွန်းသူများ အနက်မှ ဆူးလေဘုရား၏ ညောင်ရေသွန်းပွဲတော်သို့ လာရောက်သူ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ရေစို–မငေးစု ကျေးရွာ အလကကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ညွန့်က “နှစ်စဉ်မပျက် ဆူးလေဘုရားကို ညောင်ရေသွန်းလောင်းပူဇော်ဖို့ ရောက်ဖြစ်ပါတယ်။ ဗုဒ္ဓကိုယ်စား ဗောဓိညောင်ပင်ကို ရေသွန်းလောင်းပူဇော်ရတဲ့အတွက် ပီတိကုသိုလ်တရား ပွားရပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းနဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်နိုင်ငံတွေမှာပါ ဗောဓိညောင် ရေသွန်းလောင်းမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်ရင် ဗုဒ္ဓဘာသာ ပိုပြီးထွန်းလင်းတောက်ပလာနိုင်တယ်”ဟု ပြောကြားသွားသည်။

ရွှေဘုန်းပွင့်စေတီတော်

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်အဖြစ် ခံယူထားကြရာ ဗောဓိညောင်ပင်များရှိရာ ဘုရားပုထိုးစေတီများသို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ကဆုန်လပြည့်နေ့ နံနက်ပိုင်းမှ စတင်ကာ တဖွဲဖွဲလာရောက် ကုသိုလ်ယူရေသွန်းလောင်းလျက်ရှိကြရာ ရွှေဘုန်းပွင့်စေတီတော်ရှိ ဗောဓိပင်အား ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၁၁ ရက် နံနက် ၄ နာရီမှစတင်ကာ အစီအစဉ်လေးရပ်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။

ပထမဦးဆုံးအနေဖြင့် သံဃာတော်အပါး ၅၀ တို့က အနေကဇာတင်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ စေတီတော်ကို တစ်ပတ် ပတ်လျက် လှည့်လည်ပူဇော်ခြင်း၊ ဗောဓိပင်အား ရေသွန်းလောင်းခြင်း စသည့် အစီအစဉ်များဖြင့် စနစ်တကျပြုလုပ်ကာ ဗောဓိပင်အား ရေသွန်းလောင်းခြင်း စတင်ခဲ့သည်။

ရွှေဘုန်းပွင့်စေတီသည် သွားလာရေး လွယ်ကူသဖြင့် ကဆုန်လပြည့် ညောင်ရေသွန်းလောင်းပွဲတော်မှာ ဗုဒ္ဓဘာသာဝင်တို့ ဖွေးဖွေးလှုပ်မျှ လာရောက် ရေသွန်းလောင်း ပူဇော်လျက်ရှိသည်။ ရွှေဘုန်းပွင့်စေတီတော်တွင် ဗုဒ္ဓဘာသာဝင်တို့ ရေသွန်းလောင်းချိန်တွင် ရာသီဥတုမှာ မိုးမရွာ၊ နေမပူဘဲ သာသာယာယာရှိနေသဖြင့် ကဆုန်ညောင်ရေသွန်းသူများ ရင်ပြင်နှင့် တန်ဆောင်းတို့တွင် အပြည့်အလျှံဖြစ်လျက်ရှိသည်။

ယခုနှစ် ရွှေဘုန်းပွင့်စေတီတော်၏ ကဆုန်ညောင်ရေသွန်းပွဲနှင့် ပတ်သက်ပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က ပြောကြားရာတွင် “မနက် ၄ နာရီ လောက်ကတည်းက ကျွန်တော်တို့ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပတဲ့ အခမ်းအနားအစီအစဉ်တွေပြီးကတည်းက ပြည်သူတွေ ညောင်ရေလာ သွန်းလောင်းကြတာပဲ။ ဘုရားဖူးတွေ အလွယ်တကူ ညောင်ရေသွန်းလောင်းလို့ရအောင်လဲ ရေချမ်း၊ အောင်သပြေ၊ ရေမွှေးနဲ့ အိုးတွေကို အစဉ်သင့်ပြုလုပ်ပေးထားပြီး ကြိုက်သလောက် ရေသွန်းလောင်းလို့ရအောင် စီစဉ်ပေးထားပါတယ်။ ဒီနှစ်က ညောင်ရေသွန်းလောင်းတဲ့သူတွေ အရမ်းများတယ်။ ဘုရားရင်ပြင်တော်ပေါ်မှာလဲ အလှူလုပ်တဲ့သူတွေ ပေါတယ်။ ကြည်နူးဝမ်းသာစရာပါပဲ။ နောက်နှစ်တွေမှာ ဗောဓိပင်တစ်ခုလုံးကို အခုထက်ပိုပြီး တင့်တယ်သပ္ပာယ်အောင် ပြင်ဆင်မှုတွေ ပြုလုပ်သွားမယ်။ နောက်နှစ် ညောင်ရေသွန်းမယ့်သူတွေ ပိုပြီး အဆင်ပြေသွားအောင် စီစဉ်သွားမယ်” ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်တွင် ညောင်ရေသွန်းလောင်းသူ ဘုရားဖူးသူများနှင့် အပြည့်ဖြစ်နေသည်။ ဘုရားဖူးသူ၊ ပုတီးစိပ်သူများကလည်း ရှိနေသည်။ ရွှေဘုန်းပွင့်ဘုရားတန်ဆောင်းအတွင်း ညောင်ရေသွန်းလောင်းပြီး ဘုရားဖူးနေသည့် အသက် ၈၁ နှစ်အရွယ် အဘွား ဒေါ်ခင်ညွန့်က “ကဆုန်ညောင်ရေသွန်းလောင်းတာဟာ ရောဂါဘယကင်းဝေးပြီး ကုသိုလ်လဲရတယ်။ ဗောဓိပင်ကို ညောင်ရေသွန်းလောင်းခြင်းဟာ ဗုဒ္ဓဘုရားကို ရေသပ္ပာယ်ခြင်းနဲ့ အတူတူပါပဲ။ ကဆုန်လပြည့်နေ့မှာ နေအိမ်မှာလဲ တတ်နိုင်သရွေ့ အလှူလုပ်ပါတယ်။ လူကြီးများအနေနဲ့ လူငယ်တွေကို ညောင်ရေသွန်းလောင်းရင် ကုသိုလ်ရရှိတယ်ဆိုတာကို သေသေချာချာ ရှင်းပြပြီး ကုသိုလ်ယူစိတ်ဖြစ်အောင် အခုထက်လုပ်နိုင်ရင် ပိုကောင်းမယ်” ဟု ပြောကြားသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီ

ထို့နောက် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်ရှိ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

နောင်လာမယ့် နှစ်တွေမှာလည်း ဒီအတိုင်းဆောင်ရွက်သွားမှာပါ။
(ဦးထွန်းရွှေ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

နောင်နှစ်တွေမှာ ဗောဓိပင်တစ်ခုလုံးကို ပိုပြီး တင့်တယ်သပ္ပာယ်အောင် ပြင်ဆင်မှုတွေ ပြုလုပ်သွားမယ်။ (ဦးတင့်လွင် ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဗုဒ္ဓကိုယ်စား ဗောဓိညောင်ပင်ကို ရေသွန်းလောင်းရတဲ့အတွက် ပီတိကုသိုလ်တရား ပွားရပါတယ်။ (ဦးခင်မောင်ညွန့် ကျောင်းအုပ်ကြီး ထန်းတပင်မြို့နယ်၊ရန်ကုန်တိုင်း)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကဆုန်ညောင်ရေသွန်းပွဲကို နှစ်တိုင်းလာပြီး ညောင်ရေသွန်းတိုင်း စိတ်ထဲမှာ အရမ်းကြည်နူးပါတယ်။
(ဒေါ်တင်တင်ဦး ရွှေသစ္စာတော်ဝတ်အဖွဲ့)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဗုဒ္ဓဘာသာ အရှည်ထွန်းလင်းတောက်ပဖို့အတွက် ဘာသာရေးပွဲတော်တွေ မပြတ်တမ်း ကျင်းပနိုင်ဖို့ လိုပါတယ်။
(ဦးခင်မောင်ဝင်း ဗိုလ်တထောင် စေတီတော်ဂေါပကအဖွဲ့ဝင်)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဒီနှစ် ကဆုန်ညောင်ရေသွန်းပွဲတော်ဟာ အရင်နှစ်တွေကထက် ပိုပြီးစည်ကားပါတယ်။
(ဦးစံဝင်း ဆူးလေစေတီတော် ဂေါပကရုံး)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကဆုန်ညောင်ရေသွန်းလောင်းတာဟာ ရောဂါဘယကင်းဝေးပြီး ကုသိုလ်လဲရတာမို့ ခုထက် ပိုလုပ်နိုင်ရင် ပိုကောင်းမယ်။
(ဒေါ်ခင်ညွန့် ဘုရားဖူးပြည်သူ)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အငြိမ်းစားတို့ စကားဝိုင်း (၁၄)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ ၁/၂၀၀၆ကို ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့တွင် လားရှိုးမြို့၌လည်းကောင်း၊ ၂/၂၀၀၆ကို ဖေဖော်ဝါရီလ ၂၁ရက်နေ့တွင် လားရှိုးမြို့၌ လည်းကောင်း၊ ၃/၂၀၀၆ကို ဧပြီလ၉ရက်နေ့တွင် ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပ ပြုလုပ်ခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲ ၁/၂၀၀၆တွင် SSA(တောင်ပိုင်း)မှ သံချောင်း (ခ) စဝ်ခွန်ကျော်ဦးစီးသည့် တပ်မဟာ(၂၄၁)တပ်ဖွဲ့ဝင်များ လက်နက်ချ အလင်းဝင်ရောက်ခြင်း၊ ဖမ်းဆီးရမိခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။ သတင်းထောက်များ၏ မေးမြန်းချက်များကို SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်ရင်းမှူးအဆင့်ရှိ စိုင်းဘုန်း (ခ)ဘုန်းတင့်၊ တပ်ခွဲမှူးအဆင့်ရှိ စိုင်းထူး၊ တပ်ကြပ်ကြီးအဆင့်ရှိ စိုင်းထွန်းကျော်၊ တပ်ကြပ်အဆင့်ရှိ ခိုင်ဝင်းတို့နှင့် အနိုပ်စက်ခံပြည်သူများ ကိုယ်စား ဆီလူးကျေးရွာမှ ဦးခွန်မောင်ငယ်နှင့် ဦးခွန်အောင်တို့၏ ပြန်လည်ဖြေကြားချက်များအရ ရှက်ဆစ်ဦးစီး SSA(တောင်ပိုင်း)ရှိ ခေါင်းဆောင်များ မိန်းမလိုက်စားမှု၊ အဓမ္မပြုကျင့်မှု၊ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းနှင့်စိတ်ကြွဆေးပြားများ ထုတ်လုပ်ရောင်းချနေမှု၊ ရွာရိုကလေးများ အပါအဝင် အမျိုးသားများကို အဓမ္မဖမ်းဆီးခေါ်ယူ လူသစ်စုဆောင်းမှု၊ ရွာများကို မီးရှို့ဖျက်ဆီးမှု၊ အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်မှု၊ အကြမ်းဖက် အဖျက်လုပ်ရပ်များကို လုပ်ဆောင်နေမှု၊ ငွေတုများပြုလုပ်သုံးစွဲမှု၊ ဆက်ကြေးအမျိုးမျိုးကို အတင်းအဓမ္မကောက်ခံမှုစသည့် မကောင်းမှု မှန်သမျှ လုပ်ဆောင်ခဲ့မှု၊ လုပ်ဆောင်နေမှုများကို ထပ်မံကြားသိခဲ့ရပါသည်။

သတင်းစာရှင်းလင်းပွဲ ၂/၂၀၀၆ တွင်မူ ယခင် ABSDF သောင်းကျန်းသူ ယခု SSA (တောင်ပိုင်း) သောင်းကျန်းသူ သံချောင်း (ခ)စဝ်ခွန်ကျော်၏ လူသားအချင်းချင်းအပေါ် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့သည့် ရာဇဝတ်မှုများ၊ ABSDF သောင်းကျန်းသူအဖွဲ့၏ နိုင်ငံနှင့် ပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက် လုပ်ရပ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။ သတင်းထောက်များ၏ မေးမြန်းချက်အရ သံချောင်း(ခ) စဝ်ခွန်ကျော် အဖွဲ့၏ ညှဉ်းပန်းနှိပ်စက်မှုကို ကိုယ်တွေ့ခံစားခဲ့ရသူ ABSDF အလင်းဝင် များ သံချောင်း၏ လူသတ်မှုနှင့် ရာဇဝတ်ပြစ်မှုများကို ကိုယ်တိုင်တွေ့ရှိခဲ့သူ ABSDF အလင်းဝင်များနှင့် SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ အလင်းဝင်သူ၊ အဖမ်းခံရသူများ၊ ရန်ကုန်မြို့လူစည်ကားရာ နေရာ သုံးနေရာ၌ ဗုံးဖောက်ခွဲမှုကို ကြိုးကိုင်စီစဉ်ဆောင်ရွက်ခဲ့သူ ပြည်ပြေး NDD သိန်းဝင်း၏ အမာခံတစ်ဦးဖြစ်သူ ယူနွတ်(ခ)အောင်ချိုဦးတို့က ၎င်းတို့ ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရမှုများအား ရှင်းလင်းပြောကြားသွားခဲ့သည်ကို ထပ်မံ ကြားသိခဲ့ရပြန်ပါသည်။

သတင်းစာရှင်းလင်းပွဲ ၃/၂၀၀၆တွင် NCUB, NCGUB, KNU, FTUB, ABSDF, NLD(LA), NDD, DPNS, SSA(S),VBSW စသည့် အကြမ်းဖက်သမား သောင်းကျန်းသူအဖွဲ့များ တစ်ကိုယ်တည်း၊ တစ်ဉာဏ် တည်း ပူးပေါင်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးအောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကို လက်ရဲဇက်ရဲ ကျူးလွန်နေခြင်းနှင့် စပ်လျဉ်း၍ လူသက်သေအပါအဝင် သက်သေအထောက်အထားများ ဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့ပြင် အလုပ်သမားရေးရာကို ဗန်းပြခုတုံးလုပ်ပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များကို နောက်ကွယ်က ကြိုးကိုင်စီစဉ်နေသော FTUBအတွင်းရေးမှူး မောင်မောင် (ခ) ပြည်သစ် ညွန့်ဝေနှင့် အပေါင်းပါများကို ILO စင်မြင့်မှာ ပွဲထုတ်ပြီး နိုင်ငံရေး အရ လုပ်ကြံတိုက်ခိုက်ဆင်နေပုံများကိုပါ အသေးစိတ်ရှင်းလင်းသွား ခဲ့သည်ကို ကြားသိခဲ့ရပါသည်။

ထိုကိစ္စရပ်များနှင့် ပတ်သက်၍ ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် ဆုံမိကြချိန်တွင် စကားဝိုင်းဖွဲ့ဆိုခဲ့ကြပါသည်။

"၂၀၀၆ခုနှစ် သတင်းစာရှင်းလင်းပွဲတွေမှာ သောင်းကျန်းသူ အကြမ်းဖက်အဖျက်သမားတွေ ကျူးလွန်လုပ်ဆောင်နေတဲ့ တိုင်းဆူ ပြည်ဖျက်လုပ်ရပ်မျိုးစုံနဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်ဖောက်ခွဲ သတ်ဖြတ်မှုလုပ်ရပ်တွေကို သက်သေအထောက်အထားတွေနဲ့ အသေး စိတ်ရှင်းလင်း ပြောကြားပြသခဲ့တာ တွေ့ရတယ်"

"အေးဟ၊ ငါကတော့ SSA (တောင်ပိုင်း)က စဝ်ခွန်ကျော် ဦးစီးတဲ့ သောင်းကျန်းသူ တပ်မဟာ(၂၄၁)ကို ပြည်သူတွေက လက်မခံဘဲ တပ်မတော်ကို သတင်းပေး ပူးပေါင်းပါဝင်လုပ်ဆောင် ခဲ့ကြလို့ အလင်းဝင်တဲ့သူကဝင်၊ အဖမ်းခံရသူက အဖမ်းခံရနဲ့ တစ်ဖွဲ့လုံးက တစ်ယောက်မှ လွတ်မထွက်နိုင်တော့တဲ့ သတင်းကို ကြားသိခဲ့ရတာ အားအရဆုံးပဲဟေ့။ ငြိမ်းချမ်းရေးအသီးအပွင့်တွေကို

ဟင်္သာမြင့်

ခံစားနေရတဲ့ ပြည်သူတွေအနေနဲ့ ဘယ်သောင်းကျန်းသူကိုမှ လက် မခံတော့တာကို အထင်အရှားပြသလိုက်တာပဲလို့ ဆိုရမယ်"

"ဟုတ်ပ၊ အရင်တစ်ချိန်က KNU တွေ မြစ်ဝကျွန်းပေါ်ဒေသကို ပြန်လည်အခြေချဖို့ ထိုးဖောက်ဝင်ရောက်လာကြတာ ဘယ်ပြည်သူ ကမှ လက်မခံဘဲ တပ်မတော်နဲ့ ပူးပေါင်းချေမှုန်းခဲ့လို့ တစ်ယောက် မကျန် အားလုံးကို ချေမှုန်းဖမ်းဆီးနိုင်ခဲ့တဲ့ သာဓကလဲရှိတယ်"

"ဘယ်ပြည်သူကမှ သောင်းကျန်းသူတွေကို လက်မခံချင်ကြဘူး။ အခုလက်ကျန်သောင်းကျန်းသူတွေအနေနဲ့ တစ်ဖက်နိုင်ငံမှာ ခိုထိုင်ပြီး နေနိုင်တာရယ်၊ ငပွကြီးရဲ့ အစီအစဉ်နဲ့ လက်ဝေခံအဖွဲ့တွေက နည်းမျိုးစုံနဲ့ ကူညီပေးကမ်း ထောက်ပံ့ထားတာရယ်၊ နယ်စပ်က ပြည်သူတွေကို အကြောက်တရားနဲ့ ခြိမ်းခြောက်ချုပ်ကိုင်ထားတာရယ် စတာတွေကြောင့် ရပ်တည်နေနိုင်တာပါ"

"ပြည်တွင်းသောင်းကျန်းမှု စတင်ပေါ်ပေါက်လာကတည်းက နိုင်ငံနဲ့ လူမျိုးအတွက် ကောင်းကျိုးဆိုလို့ ဘာတစ်ခုမှ လုပ်ခဲ့ကြတာ မရှိဘူးလေ။ အစိုးရက တည်ဆောက်၊ သောင်းကျန်းသူကဖျက်ဆီးနဲ့ တပ်မတော်အစိုးရ မတိုင်ခင်အထိ ဘယ်အစိုးရကမှ နိုင်ငံတော် တည်ဆောက်ရေးကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့တာ မတွေ့ရဘူး"

"ရထားလမ်း၊ ကားလမ်းတွေမှာ မိုင်းထောင်ဖျက်ဆီး၊ ဓားပြတိုက် လုယက်ကြတာတို့၊ ပြည်သူလူထုထံက ဆက်ကြေးကောက် အဓမ္မဖမ်း ဆီး လူသစ်ခေါ်တာတို့၊ မှောင်ခိုလုပ်ငန်းကိုအားပေးပြီး အခွန်ကောက် တာတို့၊ ဘိန်းနဲ့စိတ်ကြွဆေးပြားတွေ ထုတ်လုပ်ရောင်းချတာတို့၊ အဖိုးတန် သစ်တွေနဲ့ ကျောက်မျက်ရတနာတွေကို ခိုးထုတ်ရောင်းစား တာတို့၊ လမ်း တံတားတွေနဲ့ တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးတာတို့၊ ရွာတွေကိုမီးရှို့ပြီး အတင်းရွှေ့ပြောင်းခိုင်းတာတို့၊ မိန်းကလေးတွေကို ဖမ်းဆီးအဓမ္မပြုကျင့်ပြီး နောက်ဆုံးတစ်ဖက်နိုင်ငံမှာ ရောင်းစားတာတို့ စတဲ့ အဖျက်လုပ်ရပ်တွေနဲ့ နိုင်ငံတော်နဲ့ပြည်သူလူထု အပေါ် အမြဲအန္တရာယ် ပေးနေခဲ့ကြတာကို ဘယ်လိုမှ မေ့လို့မရနိုင်ဘူး"

သောင်းကျန်းသူ ခေါင်းဆောင်ပိုင်းအများစုကတော့ အသက်မွေးဝမ်းကျောင်းတစ်ခု အနေနဲ့ သောင်းကျန်းသူလုပ်စားနေကြတာ တွေ့ရတယ်။ မိန်းမတွေအများအပြားယူ၊ တစ်ဖက်နိုင်ငံမှာ စီးပွားရေး လုပ်ငန်းတွေထူထောင်ပြီး ချမ်းသာနေကြလေရဲ့။ ငယ်သားတွေ ကျတော့ လူမျိုးရေးနဲ့ တစ်မျိုး၊ အထူးသဖြင့် အကြောက်တရားနဲ့တစ်ဖုံ သိမ်းသွင်းခံထား ကြရတော့ သူတို့ဘဝရဲ့ နောက်ဆုံးရလဒ်က အသက်နဲ့ခန္ဓာကိုယ် ထိခိုက် ဆုံးရှုံးခြင်းဘဝနဲ့ပဲ ဇာတ်သိမ်းကြရတာပါ။

"တိုက်ပွဲဖြစ်ပွားရာဒေသက နယ်မြေခံပြည်သူတွေဆိုရင် ပိုခံစားရ တာပေါ့ကွာ။ မထင်ရင်မထင်သလို၊ သဘောမတွေ့ရင် မတွေ့သလို သတ်ပစ်ခံရတာတို့၊ အမျိုးမျိုးနှိပ်စက်ညှဉ်းပန်း အနိုင်ကျင့်ခံရတာတို့နဲ့ ကျောကော့ အောင် ခံစားကြရတာတွေ၊ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲနဲ့ နေကြရတဲ့အပြင် အမြဲပဲအသက်အန္တရာယ်ကို စိုးရိမ်ကြောင့်ကြစွာနဲ့ ထိတ်ထိတ်လန့်လန့် နေကြရတာတွေကို ကိုယ်ချင်းစာစိတ်နဲ့ ခံစားကြည့်ရင် အင်မတန်ရင်နာစရာပဲဟ"

"သောင်းကျန်းသူ ခေါင်းဆောင်ပိုင်းအများစုကတော့ အသက် မွေးဝမ်းကျောင်းတစ်ခုအနေနဲ့ သောင်းကျန်းသူလုပ်စားနေကြတာ တွေ့ရတယ်။ မိန်းမတွေအများအပြားယူ၊ တစ်ဖက်နိုင်ငံမှာ စီးပွားရေး လုပ်ငန်းတွေ ထူထောင်ပြီးချမ်းသာနေကြလေရဲ့။ ငယ်သားတွေ ကျတော့ လူမျိုးရေးနဲ့ တစ်မျိုး၊ အထူးသဖြင့် အကြောက်တရားနဲ့တစ်ဖုံ သိမ်းသွင်းခံထားကြရတော့ သူတို့ဘဝရဲ့ နောက်ဆုံးရလဒ်က အသက်နဲ့ခန္ဓာကိုယ် ထိခိုက် ဆုံးရှုံးခြင်းဘဝနဲ့ပဲ ဇာတ်သိမ်းကြ ရတာပါ"

"မှန်ပါ့ကွာ၊ ၁/၂၀၀၆ သတင်းစာရှင်းလင်းပွဲမှာ တပ်မဟာ(၂၄၁) ဖမ်းဆီးရမိနဲ့ အလင်းဝင်သူတွေရဲ့ ပြောကြားချက်အရ ရှက်ဆစ်ဆိုရင် တရားဝင်မိန်းမကနှစ်ယောက်၊အဆွယ်အပွားလေးတွေ အများအပြားနဲ့ ဒီအထဲ ငွေနဲ့ပေါက်ပြီး မိန်းကလေးတွေကို ဖျက်ဆီးနေတာ။ SSA (တောင်ပိုင်း)(၇၅၈)တပ်မဟာမှူး မိန်ဆစ်ဆိုရင် မိန်းမအယောက် ၄၀။ (၇၅၆) တပ်မဟာမှူး ခွတ်လောင်ဆိုရင် မိန်းမအယောက် ၂၀ ခန့်ရှိနေတာ၊ တပ်မဟာမှူး သံချောင်းဆိုရင် ကားလမ်းမှာ ဓားပြတိုက် လူသတ်ပြီး မိန်းကလေးတွေကို အဓမ္မပြုကျင့်တာ၊ ခေါင်းဆောင်တွေ အားလုံး ဘိန်းနဲ့စိတ်ကြွဆေးပြားတွေ ထုတ်လုပ်ရောင်းချ နေတာတွေ ကြည့်ရင် ခေါင်းဆောင်ပိုင်းရဲ့ အနေအထားကို သိနိုင်ပါတယ်။

"ဒါကိုကြည့်ရင် သူတို့ကမှ Licensed to Rape ဆိုတာကို လက်တွေ့ ကျူးလွန်နေသူတွေ ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်"

"အဲ…ငယ်သားတွေကျတော့ ဘိန်းနဲ့စိတ်ကြွဆေးပြားတွေကို တစ်ဖက်နိုင်ငံကလဲ ဖမ်းဆီးနေတာမို့ အရင်ကလို လွတ်လွတ်လပ်လပ် မလုပ်ဆောင်နိုင်တော့လို့ဆိုပြီး လစာတောင် မရရှာကြဘူးလို့ သိရတယ်"

"တစ်ခုကျန်သေးတယ်လေ၊ ခေါင်းဆောင်ပိုင်းက လူသစ် စုဆောင်းရာမှာ တစ်ရွာကို ဘယ်နှစ်ယောက်ဆိုပြီး ပိုတောင်းတယ်။ လူမပေးနိုင်တော့ လူတစ်ယောက်အတွက် ငွေငါးသိန်းခြောက်သိန်းနှုန်း တွေနဲ့ ယူတယ်ဆိုတော့ စီးပွားရေး တွက်ခြေကိုက်နေတာပေါ့"

"အဲဒီလိုဖြစ်စဉ်တွေက ရှက်ဆစ်တစ်ဖွဲ့ထဲမှာတင် မဟုတ်ပါ ဘူးကွာ၊ ငါကရင်ပြည်နယ် စစ်ဆင်ရေးဝင်ခဲ့စဉ်ကလဲ KNUခေါင်း ဆောင်ကြီးငယ်တွေ လုပ်စားနေကြတာ မြင်တွေ့ သိရှိခဲ့ပါတယ်"

"မင်းက KNUနယ်မြေမှာ နှစ်ပေါင်းများစွာ စစ်ဆင်ရေး တာဝန်ထမ်းဆောင်ခဲ့ဖူးလို့ KNU အကြောင်း ကျွမ်းကျင်သူ တစ်ယောက် အနေနဲ့ ငါမေးမယ်ကွာ၊ အဲဒါက တပ်မတော်အစိုးရနဲ့ KNUတို့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲလုပ်နေကြတာကြာပြီ ဖြစ်ပေမယ့် ဘာလို့ အခုထက်ထိ မရသေးတာလဲ"

"ငါ့အမြင်နဲ့ အယူအဆကို ပြောရမယ်ဆိုရင် တပ်မတော်အစိုးရ လက်ထက် လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ ငြိမ်းချမ်းရေးရယူနိုင်ခဲ့တာ ဒို့အားလုံးအသိပဲနော်။ အချို့အဖွဲ့ဆိုရင် လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲတာ တောင်ပါတယ်။ အဲဒီအဖွဲ့တွေနဲ့ ငြိမ်းချမ်းရေး ပြုလုပ်နိုင်ခဲ့တာ KNUနဲ့ကျမှ ဘာလို့မရယူနိုင်သေးသလဲ ဆိုတာကို ရိုးရိုးလေးပဲ စဉ်းစားကြည့်ရင် အဖြေပေါ်နိုင်ပါတယ်။ တပ်မတော် အစိုးရ စတင်တာဝန်ယူခဲ့စဉ်က အခြားအဖွဲ့တွေလိုပဲ KNUနဲ့လဲ ဆွေးနွေးခဲ့ကြတာမှာ ငြိမ်းချမ်းရေးရဖို့ နီးစပ်စဉ်မှာပဲ ငပွကြီးနိုင်ငံက ခေါင်းဆောင်တစ်ဦးဟာ တစ်ဖက်နိုင်ငံကို ရောက်လာပြီး KNUကို ဒေါ်လာ သန်းနဲ့ချီပြီးပေးခဲ့လို့ ပျက်ပြားသွားတယ်လို့ သတင်း ဖြစ်ပေါ်ခဲ့တာ မှတ်မိတယ်။ အခုသောင်းကျန်းသူအဖွဲ့တွေ ပေါင်းစု ဖွဲ့ထားတဲ့ NCUB, DAB,NDF အဖွဲ့တွေမှာ KNUက ပုဂ္ဂိုလ်တွေပဲ ဥက္ကဋ္ဌနေရာ ယူထားတာကို ဆက်စပ်ကြည့်ရင် ပြည်ပက အကြံပေး တွေ ကြိုးကိုင်နေမှုတွေ ပါနေတယ်ဆိုတာ ယုံမှားဖွယ်ရာ မရှိပါဘူး"

"အေးလေ ၁၇ဖွဲ့နဲ့တောင် ငြိမ်းချမ်းရေးရယူထားနိုင်ပြီး သူတို့ တစ်ဖွဲ့ထဲကျမှ ကြန့်ကြာနေတာကို သူတို့အထဲက မှန်မှန်ကန်ကန် သုံးသပ်ရှုမြင်နိုင်သူတွေလဲ ရှိနိုင်ပါလိမ့်မယ်။ ငြိမ်းချမ်းရေး ရယူထား ပြီးတဲ့ နယ်မြေဒေသတွေ ဘယ်လောက်အထိ တိုးတက်ဖွံ့ဖြိုးလာနေ သလဲဆိုတာကိုလဲ သူတို့ မြင်တွေ့ကြားသိနေမှာပါ။ ခေါင်းဆောင် ပိုင်းမှာ နိုင်ငံနဲ့လူမျိုးအတွက်၊ အထူးသဖြင့် ဒေသခံပြည်သူတွေ အတွက် အကျိုးစီးပွားကို မှန်မှန်ကန်ကန် ရှေးရှုလုပ်ဆောင်မယ်ဆိုတဲ့ အသိမှန်အမြင် မှန်သူတွေ၊ သဘောထားမှန်သူတွေ အများအပြား ရှိလာကြမယ်ဆိုရင်တော့ ငြိမ်းချမ်းရေး ဆွေးနွေးမှု မြန်မြန်အောင်မြင် လိမ့်မယ်လို့ ငါထင်ပါတယ်"

"အခုတော့ နိုင်ငံတော်အစိုးရက KNU တွေဖောက်ခွဲ ဖျက်ဆီးရေးလုပ်နေတာကိုသိလျက်နဲ့ နှစ်ဖက်ငြိမ်းချမ်းရေး ဆွေးနွေး ချိန်မှာ အပာန့်အတား အနှောင့်အယှက် ဖြစ်နိုင်တာကို တွက်ဆပြီး ထိန်းထိန်းသိမ်းသိမ်းနဲ့ ပြောဆိုလုပ်ကိုင်ခဲ့တယ်။ KNU ဘက်ကိုလဲ ဒီလို ဖောက်ခွဲဖျက်ဆီးတာတွေ မလုပ်ဖို့ အသိပေးထားရက်နဲ့

စာမျက်နှာ ၁၁ ကော်လံ ၁သို့

ရန်ကုန်မြို့ တာမွေမြို့နယ် ဒွေးကြွယ်(က)ရပ်ကွက် အမှတ်(၃) သုဒဿနလမ်းနေ မိဘနှစ်ပါးနှင့် မောင်လေး မောင်မောင်ညွန့်တို့အား ရည်စူး၍ ဒေါ်တင်တင်ဥ၊ ဒေါ်ယဉ်ယဉ်မြင့် မိသားစုက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ ဘုရားစေတီရံ တစ်ဆူအတွက် အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဘိုင်အိုဒီဇယ်ရရန် ခြစ်ညီးရိုးကြက်ဆူပင် မြေကွက်လပ်မရှိတိုးချဲ့စိုက်ပျိုး နိုင်ငံတော်ကျေးဇူးစောင့်သိပြီး အလုပ်ကြိုးကြိုးစားစားဆောင်ရွက်

ရန်ကုန် မေ ၁၁

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မေ ၈ရက် နံနက်ပိုင်းတွင် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ခဲမဖြူသတ္တုစင် စက်ရုံ(သန်လျင်)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးက သတ္တုကျိုချက်ထုတ်လုပ်မှုအခြေအနေ၊ စက်ရုံပြုပြင်ထိန်းသိမ်း ဆောင်ရွက်မှုအခြေအနေ၊ စက်အရန်ပစ္စည်းများ တီထွင်အသုံးပြုမှုအခြေအနေနှင့် စက်ရုံသာယာလှပရေး၊ စိုက်ပျိုးမွေးမြူရေး အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဘိုင်အိုဒီဇယ်ရရှိရန် ခြစ်ညီးရိုးကြက်ဆူပင်များကို အောင်အောင်မြင်မြင်ဖြစ်အောင် စဉ်ဆက်မပြတ် မြေကွက်လပ်မရှိတိုးချဲ့စိုက်ပျိုးသွားရေး၊ နိုင်ငံတော်ကို ကျေးဇူးသစ္စာစောင့်သိရှိသေပြီး အလုပ်ကိုကြိုးကြိုးစားစား ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံရှိ သတ္တုစင်ကျိုချက်ထုတ်လုပ်မှု၊ သုတေသနအလုပ်ရုံ၊ စားပင်၊ သီးပင်၊ သရက်၊ ဒန့်သလွန်၊ ကန်စွန်း၊ ကွမ်းသီး၊ ရှောက်သံပရာ၊ သစ်ဆိမ့်စိုက်ခင်းနှင့် ကြက်ဆူပင် ပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း သာကေတ ဓာတ်ဆားမှုန့်ထုပ်စက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဒုတိယအထွေထွေမန်နေဂျာက ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် စက်ရုံအတွင်း ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လျှာထားချက်ပြည့်မီကျော်လွန်ရေး၊ အရည်အသွေး ကောင်းမွန်ရေး၊ ဈေးကွက် ကျယ်ပြန့်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတောင်ကျောင်းဓမ္မရိပ်သာ ကလေးများတရားစခန်းပွဲ

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်း ရွှေတောင် ကျောင်းဓမ္မရိပ်သာ၌ ကလေးများအတွက် ပထမအကြိမ် ကျင်းပသော အခြေခံ သတိပဋ္ဌာန် သုံးရက်တရားစခန်းပွဲကို မေ ၂၁ရက်မှ၂၃ရက်အထိ ကျင်းပမည်ဖြစ်၍ ရိပ်သာပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတ (သာသနာ့ဓဇသိရီ ပဝရဓမ္မာစရိယ)၏ ဩဝါဒကို ခံယူလျက် ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတ (သာသန တက္ကသိုလမဟာဓမ္မာစရိယ)နှင့်ဆရာမကြီးဒေါ်ခင်အေး (စူဠအာဘိဓမ္မိကဝိသိဋ္ဌ ကလျာဏဉာဏဓဇ)တို့က ဟောပြော သင်ကြားမည် ဖြစ်သည်။ကလေးယောဂီ များ ရိပ်သာသို့ မေ ၂၀ရက် ညနေ ၅နာရီ အရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ကြေးပိဋကတ်တော် ပြုလုပ်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၁၁

ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့လေအောင် မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင်ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူပြုလုပ်လှူဒါန်းကြရာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနာ့ဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံသို့ လာရောက်လှူဒါန်းကြသော အလှူရှင်များမှာ ရန်ကုန်တိုင်း သဃ်န်ကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် ရိပ်သာလမ်း အမှတ်(၁၁၂)နေ ဦးအောင်ဇေယျ (ဒုတိယညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး)နှင့် ဦးလှမိုးအောင်-ဒေါ်မွန်မွန်ငြိမ်း မိသားစုတို့က ကြေးပြား တစ်ချပ်စီ၊ လှိုင်မြို့နယ် (၁၆)ရပ်ကွက် ပါရမီအိမ်ရာ တိုက်အမှတ်-၂၊ အခန်း-၁၀၃နေ မိဘနှစ်ပါး ဦးကြည်ဝင်း-ဒေါ်သန်းသန်းမြတို့အား အမှူးထား၍ သမီး မနှင်းမြသူ၊ စမ်းချောင်းမြို့နယ် ဇလွန်လမ်း အမှတ် ၆၀နေ ကွယ်လွန်သူ ဖခင်ကြီး ဦးရွှေကျော် မိခင် ဒေါ်စန်းရီတို့အားရည်စူး၍ သမီး ဒေါ်သီသီ၊ တာမွေမြို့နယ် လမ်း ၁၆၀၊ အိမ်အမှတ် ၁၀၊ ၅လွှာနေ ကွယ်လွန်သူ အဘိုးအဘွား ဦးအုန်းမောင်၊ ဒေါ်အုန်းခင်တို့အား ရည်စူး၍ မြေးတစ်စု၊ ကွယ်လွန်သူ အဘွား ဒေါ်ရွှေကွန်အား ရည်စူး၍ မြေး ခိုင်နူဇံ၊ အောင်စံမောင်(တေဇမောင်)၊ အေးနူဇံ၊ ကျော်မြထွန်း မြေးတစ်စုတို့က ကြေးပြားတစ်ချပ်စီ အသီးသီးလာရောက်လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း- ၅၄၈၈၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ထိန်းသိမ်းမှုမရှိဘဲ လက်ရဲဇက်ရဲနဲ့ မိုင်းထောင်ဖောက်ခွဲမှုတွေ လုပ်လာတာ၊ လုပ်ဖို့ ကြံစည်စီမံတာတွေကို သက်သေအထောက်အထားတွေနဲ့ ဖော်ထုတ်တွေ့ရှိရတာမို့ KNU တွေအနေနဲ့ သူတို့ရဲ့ သဘောထားမှန်၊ မမှန်ကို ပြန်လည် သုံးသပ် ဆင်ခြင်သင့်ကြပါပြီ”

“ရထားလမ်း မိုင်းထောင်ပြီး မိုင်းကွဲတာနဲ့ လက်နက်ကြီးနဲ့ တစ်ပြိုင်တည်း ပစ်ခတ်နိုင်အောင် စီစဉ်ဆောင်ရွက်ထားတာကို လုံခြုံ ရေးအဖွဲ့တွေက ကြိုတင်ရှာဖွေဖော်ထုတ် ရှင်းလင်းနိုင်ခဲ့လို့ပဲဟ။ တကယ်လို့သာ မိုင်းကွဲခဲ့ရင် သေကျေဒဏ်ရာရကြမယ့် ပြည်သူတွေ မြင်မကောင်းအောင် ဖြစ်နေမှာပဲ။ တော်တော်လေးကို လက်ရဲဇက်ရဲနိုင်ပြီး ယုတ်မာပက်စက်တဲ့ အကြံပဲ”

“အရင်အစိုးရလက်ထက်မှာလဲ KNU တွေက ရထားလမ်း မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်လို့ ပြည်သူတွေ သေကျေဒဏ်ရာရခဲ့တာတွေ၊ အမျိုးသမီး တွေကို ဖမ်းသွားပြီး နောက်ဆုံးတစ်ဖက်နိုင်ငံမှာ လက်နက်ခဲယမ်းတွေနဲ့ လဲလှယ်ခဲ့တဲ့ ဖြစ်စဉ်တွေ သမိုင်းမှာ အထင်အရှားပါပဲ”

“အေးကွာ၊ ဒီလိုရက်စက်ယုတ်မာတဲ့ လုပ်ရပ်တွေကို အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းတွေအနေနဲ့ အမြင်မှန်ရပြီး ရပ်ဆိုင်းသင့်ပါပြီ။ သူတို့ရဲ့ ပြည်ပအသံလွှင့်ဌာနတွေက ဗျူးလိုက်ရင်တော့ မခုတ်တတ်တဲ့ ကြောင်တွေ၊ သူတော်ကောင်းယောင်ဆောင်ကြတာတွေ ကြားရတာ နားခါးလှသကွာ”

“၇-၅-၂၀၀၅ ရက်က ရန်ကုန်မြို့ လူစည်ကားတဲ့ သုံးနေရာမှာ ဖောက်ခွဲဖျက်ဆီးခဲ့တာကို NCGUB စိန်ဝင်းနဲ့ FTUBပြည်သစ်ညွှန့်ဝေတို့ရဲ့ ကြိုးကိုင်စေခိုင်းချက်အရ NDDသိန်းဝင်းရဲ့ အမာခံယူဂျီတွေက ဝိုင်းဝန်းကူညီပြီး ABSDF, NLD (LA) နဲ့ VBSW အကြမ်းဖက် အဖျက်သမားတွေက လုပ်ဆောင်ခဲ့တာဖြစ်တယ်ဆိုတာ အထောက်အထား အချက်အလက်တွေနဲ့ ရှင်းလင်းသွားတယ်။ သိန်းဝင်းရဲ့ အမာခံတွေ ကိုယ်တိုင်ကလဲ ဖွင့်ဟပြောကြားခဲ့တယ်။ ဒါကြောင့် သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်လိုပဲ ပြည်ပအသံလွှင့်ဌာနတွေကနေ ကာကွယ်ထုတ်လွှင့်သွားခဲ့ကြပေမယ့် နောက်ဆုံးအဖြစ်မှန်ဆိုတာ ပေါ်လာတာပဲလေ၊ ပါးစပ်ကတော့ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့နဲ့ အသံကောင်းဟစ်၊ ပြည်ပနိုင်ငံကြီးတွေကနေ ရန်ပုံငွေတွေရအောင်ယူပြီး တိုင်းဆူပြည်ဖျက်လုပ်ရပ်တွေကို ကျူးလွန်နေကြတာ အထင်အရှားပဲဟေ့”

“သူတို့ရဲ့ ပြည်ပဆရာကြီးတွေကလဲ သူတို့နိုင်ငံမှာ ဖြစ်ပွားမှ၊ ဒါမှမဟုတ် သူတို့ကို ထိခိုက်မှပဲ အကြမ်းဖက်လို့ ယူဆကြတယ်လေ။ တခြားနိုင်ငံတွေမှာ ဘယ်လောက်ပဲ ဗုံးတွေပေါက်ကွဲလို့ လူတွေဘယ်လောက်ပဲသေသေ ဝတ်ကျေတန်းကျေသဘောမျိုးပဲ သတ်မှတ်ပြောဆိုပြီး ဒါဟာ ဒီမိုကရေစီရေးလှုပ်ရှားမှုလို့ ဆိုကြတာပဲ မဟုတ်လား။ သူတို့သာ ပြည်ပြေးတွေ သောင်းကျန်းသူတွေကို အဲဒီလို ဗုံးဖောက်ခွဲဖို့ လုပ်နည်းတွေကို သင်မပေးဘူး၊ ထောက်ပံ့မှု အမျိုးစုံကို နည်းမျိုးစုံနဲ့ မပေးဘူးဆိုရင် ဒီလို အဆင့်မြင့် ဖောက်ခွဲတာမျိုး ဘယ်လုပ်နိုင်ကြမလဲ”

“ပြည်သူတွေကို ပစ်မှတ်ထားလုပ်ကြံနေတဲ့ အကြမ်းဖက်အဖျက်သမားတွေကို ဒို့ပြည်သူတွေအားလုံးကလဲ လက်မခံကြပါဘူး။ ပြည်ပက ဆရာကြီးတွေ အကူအညီနဲ့ မြေပေါ်မြေအောက် ပြည်ပြေးတွေ သုံးဖက်သုံးတန်ကနေ ဒီလိုပဲ အကြမ်းဖက်လုပ်ငန်းတွေကို ဆက်ပြီး ကျူးလွန်နေကြဦးမှာပဲလေ၊ ဒါကို မင်းတို့ငါတို့ အပါအဝင် ဒို့ပြည်သူတွေအားလုံး အသိတရားနဲ့ သတိထားလို့ ပြည်သူ့စွမ်းအားတွေနဲ့ ကာကွယ်ကြရမှာပဲ မဟုတ်လား”

“ဟုတ်ပ ဟုတ်ပ၊ **အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတွေအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံတဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် အကြမ်းဖက် အဖျက်သမားတွေကိုရော၊ သူတို့ရဲ့ ဆရာကြီးတွေကိုရော ဘာမှမှုစရာ၊ ကြောက်စရာ မလိုပါဘူး။** အဲ . . .သတိမူမှသတိရှိမယ်၊ သတိရှိမှ သူတို့ရဲ့ အဖျက်လုပ်ရပ်တွေကို ကာကွယ်တားဆီးနိုင်မယ်ဆိုတာကိုတော့ အစဉ်ကိုင်စွဲထားကြရမယ်ဟေ့”

ထိုသို့စကား ကောင်းနေစဉ်မှာပင် အိမ်ရှင်မက နေ့လယ်စာစားသုံးရန် လာရောက်ခေါ်သဖြင့် စကားဝိုင်းကို ခေတ္တရပ်နားကြပြီး အငြိမ်းစားတစ်သိုက် ထမင်းဝိုင်းသို့ ရွှေ့ခဲ့ကြပါသည်။ ။

တောင်သမန်သစ္စာ ရန်ကုန်မြို့၌ ရုံသုံးရုံအပြိုင်တင် ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိင်္ချာ ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မေ ၁၁

လှိုင်ရုပ်ရှင် ထုတ်လုပ်ရေး၏ ပွဲဦးထွက် ဓာတ်ကားဖြစ်သည့် **တောင်သမန် သစ္စာ**မှာ ရန်ကုန်မြို့၌ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် အပြိုင်ရုံဝင်လာသည်။ မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံတွင်လည်းကောင်း၊ တောင်ကြီးမြို့တွင် မြသုခရုံတွင်လည်းကောင်း တစ်ပြိုင်တည်း ပြသလျက်ရှိသည်။

တောင်သမန်အင်းမှာ ရှေးအတည်တေ မှ ယခုထက်တိုင် လွမ်းမောဆွတ်ပျံ့ဖွယ် အချစ်ဓာတ်လမ်းများ ဖြစ်ပေါ်ရာ နေရာတစ်ခုဖြစ်သည်။ တောင်သမန်တွင် အချစ်တွေရှိခဲ့သလို အမုန်းတွေလည်း ရှိခဲ့သည်။ အပြုံးတွေရှိခဲ့သလို အရှုံးတွေလည်း ရှိခဲ့သည်။

တောင်သမန်သစ္စာကို မောင်ပုညဆိုသော ပန်းချီဆရာလေးတစ်ဦးနှင့် တောင်သမန်အင်းစောင်းမှာ ဈေးရောင်းသော ရူပါဆိုသည့် မိန်းမချောလေးတစ်ဦးတို့ ပူးပေါင်းပြီး ဖော်ကျူးလိုက်ခြင်းဖြင့် တောင်သမန်အင်းသူ

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိင်္ချာဓာတ်ကားမှ ရန်အောင်နှင့် ထွန်းအိန္ဒြာဗို။

ဒေါ်ခင်ဦးနှင့် ပါမောက္ခဟောင်းကြီး ဦးကောင်းမြတ်တို့၏ ဝမ်းနည်းကြေကွဲဖွယ် အဖြစ်သနစ်တွေ ပေါ်ပေါက်လာရသည်။ နောက်ဆုံး ဝမ်းနည်းကြေကွဲဖွယ် အရှုံးတွေ၊ နာကြည်းမှု အမုန်းတွေကိုတောင်သမန်တိုင်တည်၍ ဆိုခဲ့သော သစ္စာစကားကြောင့် ခဝါချနိုင်ပုံကို ရိုက်ကူးထားသော မေတ္တာဘွဲ့ ဓာတ်ကားဖြစ်သည်။

တောင်သမန်သစ္စာ ဓာတ်ကားမှ ရဲအောင်နှင့် နဝရတ်။

ရွှေ့ဆောင်နှင့် နဝဒေးရုံတွင် **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိင်္ချာ** ဆက်လက် ပြသဆဲဖြစ်သည်။ ဝဇီရာရုံတွင် **ရတနာ**ဓာတ်ကားဖြင့် ဖျော်ဖြေလျက်ရှိသည်။ နေပြည်တော်ရုံတွင် The Myth နိုင်ငံခြားဓာတ်ကား ဆက်လက် ပြသနေသည်။

ရွှေဂုန်ရုံမြေညီထပ်တွင် မင်းသားရှာရွတ်ခန်နှင့် မင်းသမီးကာဂျိုးလ်တို့ ခေါင်းဆောင်ပါဝင် ထားသော အကယ်ဒမီရှစ်ဆုရ Kuch Kuch Hota Hai ဓာတ်ကား ပြသနေပြီး ရွှေဂုန်ရုံ အပေါ်ထပ်တွင် စတီဗင်ဆီးဂဲလ်ပါဝင်သော Under Siege ဓာတ်ကား ရုံဝင်လာသည်။ မြို့မရုံတွင် ကိုယ်ပျောက်အချစ် အက်ရှင်ဓာတ်ကားသစ် Githan ရုံတင်ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ရတနာ ဓာတ်ကား

ရတနာ ဓာတ် ကား မှ ပုလဲဝင်း။

ကျေးလက်ပြည်သူများ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးစာကြည့်တိုက်များတည်ထောင်ပေးနေ လူကြီးလူငယ်များ စာပေများအလွယ်တကူလေ့လာနိုင်၍အသိပညာတိုးပွားလာ အရင်းအနှီးအနည်းဆုံးနှင့်အကျိုးအမြတ်အများဆုံးရပြီးပညာဗဟုသုတများပေးစွမ်းနိုင်

ရန်ကုန် မေ ၁၁

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဖွင့်လှစ်သော ကချင်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၅၅ တိုက် ဖွင့်လှစ်ပြီးစီးမှုနှင့် အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယို၊ စာအုပ် စာစောင်များလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

တည်ထောင်ပေးနေ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏အများစုသောပြည်သူများဖြစ်သည့် ကျေးလက်ပြည်သူများ၏ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာအောင်၊ဗဟုသုတအတွေ့အကြုံပိုမိုရရှိလာအောင် စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်များ တိုးပွားလာအောင်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတည်ထောင်ပေးနေခြင်းဖြစ်ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင် ပညာရည် မြင့်မားရေးကို အလေးပေးဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အတွင်း၌ရှိသည့် ကျေးလက်ပြည်သူများ အပါအဝင် လူထု လူတန်းစားအားလုံးတို့အနေဖြင့် အသိပညာဗဟုသုတ ပြည့်ဝရန်၊ အတွေးအခေါ်မှန်ကန်ရန် အထူးလိုအပ်ကြောင်း၊ ကျေးလက်ဒေသများ၌ စာကြည့်တိုက်များဖွင့်လှစ်ထားသည့်အတွက် ကျေးလက်နေ လူကြီးလူငယ် ပြည်သူများ အလွယ်တကူစာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ အသိပညာ ဗဟုသုတတိုးပွားနိုင်ခြင်း၊ အမှန်နှင့်အမှားကို ဝေဖန် ပိုင်းခြားနိုင်ခြင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရား ကောင်းမွန်စေခြင်းနှင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုသည့် သားကောင်း၊ သမီးကောင်းရတနာများပေါ်ထွန်းလာစေခြင်းစသည့်အကျိုးတရားများကိုခံစားရရှိကြမှာဖြစ်ကြောင်း။

ပိုင်းဝန်းထိန်းသိမ်း

ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသော နိုင်ငံမှာ မိမိတို့နိုင်ငံဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတော်ဂုဏ်ကျက်သရေတစ်ခုဖြစ်သော ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေ၊ ပစ္စည်းနှင့် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းကြသော အလှူရှင်များအား ကောင်းမြတ်သော အသိပညာဗဟုသုတများ တိုးပွားရရှိပါစေကြောင်းနှင့် ဆုမွန်ကောင်းတောင်းရင်း စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း စောင့်ရှောက်ထိန်းသိမ်းကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကား ပြောကြားရာတွင် ကချင်ပြည်နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ၁၅၅ တိုက် ဖွင့်လှစ်နိုင်ပြီး ငွေကြေး၊ ပစ္စည်းနှင့်စာအုပ်စာစောင်များလှူဒါန်းပွဲကျင်းပနိုင်သည့်အတွက် တိုင်းမှူးနှင့်တကွ စေတနာရှင်အလှူရှင်များအား အထူးကျေးဇူးတင်ပါကြောင်း။

အားသုံးအားပူးပေါင်း

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာ၊ နည်းပညာ အရာတွင် အခြားနိုင်ငံနှင့် ရင်ပေါင်တန်းနိုင်ခြင်း မရှိပါကမိမိတို့နစ်နာဆုံးရှုံးနိုင်ကြောင်း၊ သို့ပါ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာပြည်သူများ အသိပညာ၊ ဗဟုသုတ တိုးပွားရေးအတွက် ယခုကဲ့သို့ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပေးနေခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရေးစီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံ၌ ကျေးရွာ ၆၁၉၄၉ ရွာရှိသည့်အနက် ယနေ့အထိ ကျေးရွာပေါင်း ၅၃၅၅၄ ရွာ၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ပြီဖြစ်၍ ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသည့် ပထမဦးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူနိုင်တော့မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံကြီးများ၌ပင် ကျေးရွာတိုင်း၌ စာကြည့်တိုက် မရှိသေးကြောင်း၊ ထို့ကြောင့်မိမိတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်သည်ဟု ဂုဏ်ယူနိုင်ပြီဖြစ်ကြောင်း၊ ဤကဲ့သို့အောင်မြင်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အားသုံးအားကို ရယူဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ၎င်းအား သုံးအားမှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများအားနှင့် စေတနာရှင် ပြည်သူများ၏အားပင်ဖြစ်ကြောင်း၊ သို့ပါ၍ ဤအောင်မြင်မှုကို သာဓကယူပြီး အရေးကြီးသည့် အခြားအမျိုးသားရေးတာဝန်များကိုလည်း ဤအားသုံးအားဖြင့် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်း၊ အရင်းအနှီးအနည်းဆုံးနှင့်အကျိုးအမြတ်အများဆုံးရရှိနိုင်သည့်၊ ပညာဗဟုသုတတွေ ပေးစွမ်းနိုင်သည့် စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များလှူဒါန်းကြသော လှူဒါန်းမှုများမှာ တန်ဖိုးမဖြတ်နိုင်သည့် လှူဒါန်းမှုဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အစီအစဉ်အရ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ငွေပဒေသာပင်အလှူငွေနှင့် စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့်ကက်ဆက်များကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်သိန်း ၁၃၀ ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက ငွေကျပ်တစ်သိန်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက ငွေကျပ်တစ်သိန်း၊ ပြည်နယ်ဗီဒီယိုလုပ်ငန်းရှင်များက ငွေကျပ်သိန်း ၂၀၊ ဒေါ်မီနာ သမာဓိဆေးခန်း မင်းရပ် မြစ်ကြီးနားမြို့၊ ဦးထိန်လင်း-ဒေါ်မိုးငယ် ရှစ်မိုင်ကုန်းရွှေစက် (မြစ်ကြီးနား) မြို့နှင့် ဦးမြင့်လွင်-ဒေါ်ကြည်မြင့် ရှစ်မိုင်ကုန်း မြစ်ကြီးနားမြို့တို့က ဂန္ထဝင်စာကြည့်တိုက် ထရံကာ သွပ်မိုးအဆောက်အအုံနှင့် ပရိဘောဂ၊ ဗီရို၊ စားပွဲ၊ ထိုင်ခုံခြောက်စုံ၊ မီးစက်တစ်လုံးနှင့်စာအုပ်မျိုးစုံ ၁၉၃ အုပ် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၁၁၄၁၁၀ နှင့် ဒေါ်မီနာ သမာဓိဆေးခန်း မင်းရပ် မြစ်ကြီးနားမြို့က ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းကလက်ခံကာအလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဂျိတ်လင်းန် မြန်မာကုမ္ပဏီလီမိတက်၏ လှူဒါန်းငွေကျပ်ငါးသိန်း၊ ဟိုက်ဂျယ်ကုမ္ပဏီ လီမိတက်၏ လှူဒါန်းငွေကျပ်ငါးသိန်း၊အောင်မိုင်ကုမ္ပဏီလီမိတက်၏ လှူဒါန်းငွေကျပ်ငါး သိန်း၊ လုံစိန် ကုမ္ပဏီလီမိတက်၏ လှူဒါန်းငွေကျပ်ငါးသိန်းတို့ကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က လက်ခံကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်ထံ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်များက လှူဒါန်းငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ မြစ်ကြီးနားမြို့နေ ဦးဝင်းထွန်းနှင့် ဦးကျော်ဝင်းတို့က ငွေကျပ်ငါးသိန်း၊ မြစ်ကြီးနားမြို့မှ ဦးသိန်းဆောင်က ငွေကျပ်ငါးသိန်း၊ ပုံနှိပ်တိုက်နှင့် ကွန်ပျူတာစာစီလုပ်ငန်းအဖွဲ့က ငွေကျပ်ငါးသိန်းကို ဒုတိယတိုင်းမှူးကလက်ခံက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ စီးဆန်းစတား ကုမ္ပဏီလီမိတက်က ငွေကျပ်သုံးသိန်း၊ ဟိုတယ်လုပ်ငန်းရှင်အသင်းက ငွေကျပ်သုံးသိန်း၊ ပရိဘောဂလုပ်ငန်းရှင်များအဖွဲ့က ငွေကျပ်နှစ်သိန်း၊ ရွှေတောင်ဂါးဒင်းစားသောက်ဆိုင်က ငွေကျပ်နှစ်သိန်း၊ မော်တော်ယာဉ်လိုင်းများက ငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြစ်ကြီးနား တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ စက်မှုလုပ်ငန်းရှင်များအဖွဲ့နှင့်သစ်စက်လုပ်ငန်းရှင်များအဖွဲ့ ဦးလောတာနှင့်မိသားစုတို့က ငွေကျပ်နှစ်သိန်းစီကိုပေးအပ်လှူဒါန်းရာပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့က လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

မြစ်ကြီးနားမြို့နယ်မှအင်းလုပ်ငန်းရှင်များအဖွဲ့၊ တည်းခိုခန်းလုပ်ငန်းရှင်များအဖွဲ့၊ သဲကျောက် လုပ်ငန်းရှင်များအဖွဲ့၊ ရွှေပန်းထိမ်လုပ်ငန်းရှင်များအဖွဲ့နှင့် မောင်စိန်ဝင်းနှင့်ညီများ အထွေထွေ ရောင်းဝယ်ရေး လုပ်ငန်းအဖွဲ့များက ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ ဒေါ်ခင်မြင့်နှင့်အဖွဲ့က ငွေကျပ်ငါးသောင်းကို လည်းကောင်း၊ ကချင်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ငွေကျပ် ၁၇၈၂၅၀ တန်ဖိုးရှိ စာအုပ် ၂၂၅ အုပ်နှင့် ဦးဂဲနက်(စ) KMD (မြစ်ကြီးနား)နှင့် KMD (ဗန်းမော်)တို့က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ စီဒီရွှမ်နှင့် မြန်မာ့စွယ်စုံကျမ်းများကို လည်းကောင်း၊ ဦးမျိုးမင်း တန်ဖဲကျေးရွာက ငွေကျပ် ၃၁၀၀၀၀ တန်ဖိုးရှိ တီဗွီတစ်လုံးနှင့် စလောင်းတစ်ခုကို လည်းကောင်း၊ ထီးချိုင့်ဆရာတော် ဘဒ္ဒန္တသုဇာတက ၃၀၆၀၀၀ တန်ဖိုးရှိ တီဗွီတစ်လုံး၊ ဗွီစီဒီပြစက်တစ်လုံးနှင့် စလောင်းတစ်ခုတို့ကိုလည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့်မြို့များက တီဗွီ/ရေဒီယိုနှင့် စာအုပ်စာစောင်များကိုလည်းကောင်း လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသော အခမ်းအနားတွင်ကချင်ပြည်နယ်ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် များအတွက် အလှူရှင် ၃၁၈ ဦးတို့က စာကြည့်တိုက် အဆောက်အအုံတစ်ခု၊ တီဗွီ ၂၂ လုံး၊ ကွန်ပျူတာတစ်လုံး၊ ဗွီစီဒီစက်တစ်လုံး၊ စလောင်းနှစ်ခု၊ ရေဒီယို ၁၂ လုံး၊ ပရိဘောဂများနှင့် မီးစက်တစ်လုံး၊ စီဒီရွှမ်အချပ် ၁၀၀၊ ငွေသားအလှူငွေကျပ် ၂၁၂၅၀၀၀၀ တို့ကို လှူဒါန်းခဲ့ရာ ပစ္စည်းတန်ဖိုးငွေကျပ် ၇၆၂၉၃၁၀၊ စာအုပ်စာစောင်တန်ဖိုးငွေ ၂၅၅၉၀၁၉ ကျပ် ဖြစ်ပြီး ငွေသား အလှူငွေအပါအဝင် စုစုပေါင်းမှာငွေ ၃၁၄၃၈၃၂၉ ကျပ် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

ဗောဓိပင်အား ညောင်ရေသွန်းလောင်းပွဲတော်ကို ဗိုလ်တထောင်စေတီတော်၏ တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီးတန်ဆောင်းတွင် မေ ၁၁ ရက် (ကဆုန်လပြည့်နေ့) ညနေ ၃ နာရီက အစီအစဉ်ကိုးရပ်ဖြင့် ကျင်းပသည်။

မေတ္တာသုတ်

ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တသောဘိတ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူတည်ဆောက်ခြင်း၊ ဆရာတော်များထံမှ မေတ္တာသုတ်တရားတော်များ နာကြားခြင်း၊ ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံမှ ဩဝါဒကထာများ နာကြားခြင်း၊ တာဝန်ခံ အလှည့်ကျဂေါပက ဦးစန်ဝင်းက ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်ပြီး လျှောက်ထားခြင်းစသည့် အစီအစဉ်ကိုးရပ်ဖြင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စတင်ခဲ့သည်။

ဗိုလ်တထောင်စေတီတော်၏ ကဆုန် ညောင်ရေသွန်းလောင်းပွဲတော်ကျင်းပသည့် အချိန်သည် နေမပူ၊ မိုးမရွာ ရာသီဥတုသာယာသဖြင့် ကဆုန်ညောင်ရေသွန်းပွဲတော် လာရောက်သူများ အထူးစည်ကားသိုက်မြိုက်လျက်ရှိသည်။

ထွန်းလင်းတောက်ပ

ယခုနှစ် ကဆုန်ညောင်ရေသွန်းပွဲနှင့် ပတ်သက်၍ ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဝင်းက "အရင်နှစ်တွေက မနက်ပိုင်း ၇ နာရီမှာ စတင် ကျင်းပခဲ့ပါတယ်၊ ဒီနှစ်က ဒီနေ့မနက်ပိုင်းမှာ ဗိုလ်တထောင်ဘုရားရင်ပြင်မှာ တည်ထားတဲ့ စွယ်တော်ရှင်၊ စွယ်တော်မြတ်၊ မဂ္ဂင်ဓမ္မစေတီတော် ထီးတော်တင်ပွဲရှိလို့ ညနေ ၃ နာရီကို ပြောင်းပြီး ကျင်းပခဲ့ခြင်းဖြစ်ပါတယ်၊ အရင်နှစ်ကထက် ညောင်ရေသွန်းလောင်းသူတွေ ပိုများပါတယ်၊ အလှူဒါနပြုလုပ်တဲ့လူတွေလဲ အများကြီးရှိနေပါတယ်။ ဗုဒ္ဓဘာသာ အရှည်ထွန်းလင်းတောက်ပဖို့အတွက် ဘာသာရေးပွဲတော်တွေ မပြတ်တမ်းကျင်းပနိုင်ဖို့လိုပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ မကဘဲ တစ်ကမ္ဘာလုံးမှာရှိတဲ့ဗုဒ္ဓဘာသာဝင်တွေကလည်း ကဆုန်လပြည့်နေ့မှာ ဗောဓိညောင်ပင်ကို ရေသွန်းလောင်းကြရင် ပိုပြီးကောင်းမွန်လာမှာဖြစ်ပါတယ်" ဟုပြောကြားသည်။

ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့တွင် ရန်ကုန်မြို့ရှိ ကမ္ဘာအေးစေတီနှင့် အခြားတန်ခိုးကြီးဘုရားများတွင်လည်း ညောင်ရေသွန်းလောင်းမှုများ ပြုလုပ်ခဲ့ကြရာ ဗုဒ္ဓဘာသာဝင် ပြည်သူများအနေဖြင့် ဗုဒ္ဓအဆုံးအမများအပေါ် အယုံအကြည်သက်ဝင်မှု ကြီးမားကြောင်း တွေ့ရှိရသည်။ ထို့အတူ ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဗောဓိပင်ရှိရာ ဘုရားပုထိုးစေတီများတွင် ညောင်ရေ သွန်းလောင်းသူ ဗုဒ္ဓဘာသာဝင်ပြည်သူများနှင့် စည်ကားသိုက်မြိုက် လျက်ရှိရာ ဖွေးဖွေးလှုပ်မျှ မြန်မာ ပြည်သူဗုဒ္ဓဘာသာဝင်များ၏ ညောင်ရေသွန်း လောင်းပူဇော်ကုသိုလ်ယူမှု မြင်ကွင်းကား ကြည်နူးချမ်းမြေ့ဖွယ်ရာ မြင်ကွင်းပင် ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

(၁၄-၅-၂၀၀၆) ရက်နေ့ နှင့်

(၂၈-၅-၂၀၀၆) ရက်နေ့

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အမေရိကန်အသင်း၏ ရပ်တည်မှုအနေအထား

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၁၁

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။ ကမ္ဘာ့ဘောလုံး ပရိသတ်တို့၏ အနိုင်ရ ဗိုလ်စွဲမည့် အသင်း၊ အုပ်စုတက်မည့် အသင်း၊ ကွာတား၊ ဆီမီးတက်မည့်အသင်းများကို ကြိုတင်သုံးသပ်ရင်ခုန်လျက်ရှိနေပြီဖြစ်သည်။ ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘောလုံးအသင်း ၃၂သင်းအနက်မှ အမေရိကန်အသင်း၏ ရပ်တည်မှုအနေအထားကို မြန်မာ့အလင်း ဘောလုံးပရိသတ်ကြီးအတွက် Yangon Entertainment Ltd. မှရရှိသော သတင်းအချက်အလက်များကို အခြေခံလျက် ကိုးကားဖော်ပြလိုက်ပါသည်။

အမေရိကန်အသင်း

၁၉၃၀ပြည့်နှစ်က စပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို စတင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် အမေရိကန်အသင်းသည် နှစ်ပေါင်း ၇၆နှစ်အတွင်း အမြင့်ဆုံးအောင်မြင်မှုမှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ စတင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ၁၉၃၀ပြည့်နှစ်၌ပင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။



၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အမေရိကန် အသင်း၏ အားအထားရဆုံး ဘောလုံးသမား ဒါ မားစ် ကပ်စ် ဘီယာ့စ်လေ။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်လက်ရွေးစင် ဘောလုံးအသင်း။
(ဓာတ်ပုံ–အင်တာနက်)

မှတ်တမ်းကပြသ

ဒုတိယအမြင့်ဆုံး အောင်မြင်မှုမှာ ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ဖလားခြေစစ်ပွဲကို လေးနှစ်ဆက်တိုက် ခြေစစ်ပွဲ အောင်မြင်ထားသည့် အသင်းဖြစ်ရာ အညံ့စား ဘောလုံးအသင်း မဟုတ်ကြောင်း မှတ်တမ်းက ပြသနေသည်။

အမေရိကန် ဘောလုံးအသင်း၏ ခြေစွမ်းမှာ တဖြည်းဖြည်းတိုးတက်လာနေသဖြင့် ယခု ၂၀၀၆ကမ္ဘာ့ဖလားကို ဗိုလ်စွဲရန်အထိ မျှော်မှန်းချက်ထားနေသည့် အသင်းလည်းဖြစ်သည်။ ယခု ၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် ကွန်ကာကက်ဖ်ဇုန်၌ အုပ်စုပထမဖြင့် ခြေစစ်ပွဲ အောင်ခဲ့သည်ကလည်း ဘောလုံး အဆင့်အတန်း မနိမ့်ကြောင်း ဖော်ပြနေသည်။

နည်းပြ

၂၀၀၆ဂျာမနီကမ္ဘာ့ဖလား ပြိုင်ပွဲဝင် အမေရိကန်အသင်းကို ကိုင်တွယ်ကြီးကြပ်သူမှာ နည်းပြဘရုစ်အရီနာဖြစ်သည်။ နည်းပြ ဘရုစ်အရီနာသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ ကွန်ကာကက်ဖ်တွင် အုပ်စုပထမရအောင် စွမ်းဆောင်ပေးနိုင်သူဖြစ်သည်။



၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အမေရိကန် အသင်း၏ နည်းပြ အဖြစ် ဆောင်ရွက်မည့် ဘရုစ်အရီနာ။
(ဓာတ်ပုံ–အင်တာနက်)

အရည်အချင်း

လူငယ်အများစုနှင့် ဖွဲ့စည်းထားသော အမေရိကန်အသင်းသည် ကွန်ကာကက်ဖ်ဇုန်၌ နာမည်ကြီး မက္ကဆီကိုအသင်းကိုကျော်လွှားပြီး အုပ်စုဗိုလ်ဖြစ်အောင် ဖန်တီးပြနိုင်မှုမှာ နည်းပြဘရုစ်အရီနာ၏ အရည်အချင်းပင်ဖြစ်သည်။

ထို့ကြောင့် အမေရိကန်ဘောလုံးအသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကမ္ဘာ့ဖလားအရယူရေးသည် စိတ်ကူးယဉ်အိပ်မက်တစ်ခုကို ရှုးသွပ်နေခြင်း မဟုတ်ကြောင်း လက်တွေ့ပြိုင်ပွဲရလဒ်များက ဖော်ပြပေးသွားမည်ဖြစ်ကြောင်း နည်းပြဘရုစ်အရီနာက ပြောကြားထားသည်။

အဓိက ကစားသမား

လူငယ်များနှင့် ဖွဲ့စည်းထားသော အမေရိကန် အသင်းတွင် အဓိက ကစားသမားမှာ ဒါမားစ်ကပ်စ်ဘီယာ့စ်လေ ဖြစ်သည်။ ကွင်းလယ်တောင်ပံ ကစားသမားဖြစ်ပြီး ယုံကြည်မှု၊ လျင်မြန် ဖျတ်လတ်မှုနှင့် ကြံ့ခိုင်မှုအားကောင်းလှသော ကစားဟန်များဖြင့် အသင်းကို မောင်းနှင်မည့်သူ ဖြစ်သည်။

ဘီယာ့စ်လေသည် ခံစစ်နှင့် တိုက်စစ်ကို မျှတအောင် ပေါင်းကူးပေးနိုင်သူဖြစ်ပြီး တိုက်စစ်တွင်လည်း ထူးချွန်သူ ကစားသမားဖြစ်သည်။ အသင်း ကွင်းလယ် ကစားကွက်ကို ကွက်တိဖြည့်ပေးနိုင်သူဖြစ်ရာ ဘီယာ့စ်လေသည် အမေရိကန်အသင်း၏ အသက်ပင် ဖြစ်သည်။

မြန်နှုန်းအားကောင်း

ဘီယာ့စ်လေသည် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ဟော်လန်ကလပ် ပီအက်စ်ဗွီတွင် လေးနှစ်ကြာ ပုံမှန်ကစားခွင့်ရနေသူတစ်ဦးဖြစ်သည်။ ပုံမှန်ခြေစွမ်းပြနိုင်ပြီး အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်သူ ဖြစ်သည့်အတွက် မြန်နှုန်းအားကောင်းသည့် တစ်ကိုယ်တော်တိုက်စစ်ဆင် ကစားမှုများကို ကမ္ဘာ့ဖလားပြိုင်ပွဲ၌ တွေ့မြင်ရမည် ဖြစ်သည်။

ပွဲစဉ်များ

အမေရိကန်အသင်းသည် ကမ္ဘာ့ဖလားအုပ်စု(င)တွင် ပါဝင်ပြီး ဇွန် ၁၂ရက်တွင် ချက်အသင်း၊ ဇွန် ၁၇ရက်တွင် အီတလီ၊ ဇွန် ၂၂ရက်၌ ဂါနာအသင်းတို့နှင့် ကစားရမည်ဖြစ်ရာ အီတလီနှင့် ချက်အသင်းတို့ကို အမေရိကန်တို့ ကြိုးစားကျော်လွှားရမည် ဖြစ်သည်။

အုပ်စု(င)တွင် အမေရိကန်တို့ အုပ်စုတက်ရေး အီတလီ၊ ချက်တို့နှင့် အပြိုင်ဖြစ်နေရာ အမေရိကန်တို့၏ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ရလဒ်များကို စောင့်ကြည့် အကဲခတ်ရန် ရှိပေသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပါးစပ်နှင့်နှာခေါင်းဖောက်၍ ကြိုးသွင်းပြသူ

ပါးစပ်မှ ကြိုးသွင်း၍ နှာခေါင်းမှ ပြန်ထုတ်ပြသူတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် နန်ကျင်းမြို့တွင် စတန့်ပြသူတစ်ဦးက ပါးစပ်မှနေ၍ ကြိုးသွင်းပြီး နှာခေါင်းမှ ပြန်ထုတ်၍ ဆွဲပြနေသည်ကို တွေ့ရခြင်းဖြစ်သည်။ တရုတ်ခရီးသွားနှင့် နိုင်ငံခြားခရီးသွား များစွာက စိတ်ဝင်စားခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဦးချိုသုံးချောင်းနှင့် နှာခေါင်းနှစ်ခုပါသော နွားရိုင်း

ဦးချိုသုံးချောင်းနှင့် နှာခေါင်းနှစ်ခုပါ နွားရိုင်းတစ်ကောင်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချောင်ကျင်းမြူနီစီပယ်ရှိ တိရစ္ဆာန်ဥယျာဉ်တွင် တခြားနွားရိုင်းများနှင့်မတူဘဲ ဦးချိုသုံးချောင်းနှင့် နှာခေါင်းနှစ်ခုပါရှိသော နွားရိုင်းတစ်ကောင် ဖြစ်သည်။

(အင်တာနက်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း–ဒေါ်အေးအေးတို့၏တူ
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မဟာဆိုရှယ်လမ်း၊ အမှတ်(၃၄)နေ
(ဦးရဲနိုင်)မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)–ဒေါ်လှလှတို့၏သားကြီး

မောင်ဆန်းမင်း B.Sc (Physics)

Second Officer,Eastwind Shipmanagement Pte. Ltd.(Singapore)

နှင့်

အနောက်တောင်တိုင်းစစ်ဌာနချုပ်
ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ–ဒေါ်ခင်သောင်းတို့၏သမီးငယ်

မသင်းစပယ်ဆွေ B.A (Economics) (Q)

Linn Paing Probiotics

တို့၏ ၆–၅–၂၀၀၆ရက်တွင် ပုသိမ်ဟိုတယ်၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်အေးကျင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းရီ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတင့်ဆွေနှင့်ဇနီး ဒေါ်မေလိယု၊ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏မိသားစု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်ဇနီး ဒေါ်အေးအေး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၊သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဧရာဝတီတိုင်း တိုင်းတရားသူကြီး ဦးသန်းမြိုင်နှင့် တိုင်းဥပဒေအရာရှိ ဦးရဲအောင်မြင့်၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော ပုသိမ်တက္ကသိုလ်မှ ပါမောက္ခဒေါက်တာညွန့်ဖေနှင့်ဇနီး ဒေါ်နန်းချစ်ဆွေတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်အားပေးချီးမြှင့်သော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးထိန်လင်း၊ မင်္ဂလာအခါတော်ပေးတေးသီချင်း သီဆိုပေးသော မသဲမြတ်စိုးနှင့် ဂီတမှူး စိန်မင်းလွင်၊ မင်္ဂလာပန်းကြပေးသော မခိုင်ယဉ်မွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာကျော့ကျော့ဆွေနှင့် မယုဝင့်နိုင်၊ သတို့သားအရံ မောင်သန့်စင်နိုင်နှင့် မောင်အေးဇော်နိုင်၊ သတို့သမီးအရံ မမြမြချိုနှင့် မခိုင်ဆွေညွန့်၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော အန်တီမိုး(မိုးမိုးစိန်ရွှေရတနာဆိုင်)၊ မိတ်ကပ်နှင့်ဝတ်စုံဒီဇိုင်းဖန်တီးရှင် ပွင့်၊ ပန်းအလှဆင် နီနီ(ပွိုင့်)၊ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ပုသိမ်ဟိုတယ်မှမန်နေဂျာ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေသင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဆန်းမင်း–မသင်းစပယ်ဆွေ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ

Australia နိုင်ငံ Sydney မြို့နေ
ဦးသောင်းအေး (Admin Officer) P.L.S (Western Sydney) ၏ တူသား၊
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊
ရွှေတောင်ကုန်းရိပ်သာ၊ ခြံအမှတ်(၄၁/၁၃–အေ)နေ
ဦးအောင်မြင့်–ဒေါ်ခင်မြဆွေ(ပထမံဂမုန်းတစ်ထောင်တိုင်းရင်းဆေးဝါးလုပ်ငန်း)တို့၏
တစ်ဦးတည်းသောသား

မောင်အောင်သူ(ခ) Dominic Walter

(2nd Year in Financial Accounting) T.A.F.E College (Sydney Australia)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၉၁–အမ်)နေ
ဗိုလ်မှူးသန့်စင်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူး၊ စွမ်းအင်ဝန်ကြီးဌာန–ဒေါ်အေးအေးခိုင်
(ရွှေဘုရင်စိန်ရတနာ)တို့၏သမီးကြီး

မအေးဆုမြတ် (1st Year Chemistry)

တို့သည် ၁၁–၅–၂၀၀၆ရက် (ကြာသပတေးနေ့)တွင် Sedona Hotel Executive Club ၌ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်းနှင့် စေ့စပ်မင်္ဂလာပွဲသို့ တက်ရောက်၍ စေ့စပ်မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)နှင့်ဇနီးဒေါ်တင်တင်စိန်အားလည်းကောင်း၊ စေ့စပ်မင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ဇနီး ဒေါ်ခင်မာအေးအားလည်းကောင်း၊ နှစ်ဖက်သောမိဘများကိုယ်စား စေ့စပ်မင်္ဂလာစကားပြောကြားပေးပါသော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနသ်ာရီ)လီမိတက်ဥက္ကဋ္ဌ သုဓမ္မဇောတဓရ သီရိသုဓမ္မဇောတဓရ ဦးမောင်လှနှင့်ဇနီး ဒေါ်ရှုလှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေတို့အားလည်းကောင်း၊ စေ့စပ်မင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်သူ–မအေးဆုမြတ်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၃၉ နေ
(ဦးသာမြ–ဒေါ်မိုးစံ)တို့၏သားကြီး
မောင်ဖြိုးမြစံ၏အစ်ကို

မောင်မိုးမြစံ(ခ)မောင်ရဲမြဦး B.Sc (Physics)

Diploma in Human Resource Management Programme(AOTS, Japan)

နှင့်

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၆၊ အခန်း ၃ နေ
ဗိုလ်မှူးမြဘူး(ငြိမ်း)–ဒေါ်သန်းတင်တင်(အထက–၁၊ ဒဂုံ၊ ငြိမ်း)
တို့၏သမီးကြီး၊ ဦးနေဝင်း(မြန်မာ့ဆားလုပ်ငန်း–ငြိမ်း)၏တူမ

မကျော့ကေသီ

B.Sc (Hons) M.Sc (Botany)

တို့အား ၂၁–၄–၂၀၀၆ရက် ရန်ကုန်မြို့ တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ၇–၅–၂၀၀၆ရက် (တနင်္ဂနွေနေ့) Yuzana Garden Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ဆွေညွန့်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးသော ဗိုလ်ချုပ်သန်းဦး(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်သန်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီသော အစ်ကိုကြီးကိုဝင်းနိုင်၊ MMG Jetty မိသားစု၊ မင်္ဂလာဝတ်စုံများကို မေတ္တာဖြင့်ချီးမြှင့်သော ဒေါ်လာမြင့်အောင်နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မိုးမြစံ(ခ)မောင်ရဲမြဦး–မကျော့ကေသီ။

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ဖေဖေ **ဒုတိယဗိုလ်ချုပ်ကြီးမြသင်း**(ငြိမ်း)နှင့် မာမီ **ဒေါ်မေညွန့်ရီ** တို့၏ ၁၂–၅–၂၀၀၆ရက်တွင်ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်တွင် ဖေဖေနှင့်မာမီတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အသက်ရာကျော်ရှည်နိုင်ပါစေကြောင်းနှင့် စိန်ရတုမင်္ဂလာရက်မြတ်ကိုလည်း ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်သားသမီးများ–
ကိုစန်းဝင်း–မအေးအေးမြင့်
မပြုံး–ကိုညီညီ
ကိုသက်ဆွေ–ယမင်းကိုကို
ချစ်မြေးများ–
ကိုဖိုးထက်၊ မသော်၊ မဆုမို၊ လပြည့်။

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ဒုတိယဗိုလ်ချုပ်ကြီးမြသင်း(ငြိမ်း)နှင့် ညီမလေး **မနီ(ခ)ဒေါ်မေညွန့်ရီ** တို့၏ ၁၂–၅–၂၀၀၆ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သားသမီးမြေးများနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေ......

ဆုမွန်ကောင်းတောင်းလျက်–
မမ Doll(ခ)ဒေါ်မေညွန့်တင်၊
သားသမီး၊ မြေးများ
(ခေတ္တ–U.S.A)။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်စိန်ရွှေ** နှင့် ကျွန်မ **မခင်ခင်ကျော်** တို့သည် ၁၀–၅–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)တွင် တရားရုံးချုပ်၌ လက်ထပ်ပြီးစီးပါကြောင်း။

မောင်စိန်ရွှေ–မခင်ခင်ကျော်။

စုပေါင်းဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်

ရန်ကုန် မေ ၁၁

ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက် ဗုဒ္ဓသာသနဝေယျာဝစ္စ ဆောင်ရွက်ရေးအဖွဲ့ကကြီးမှူး၍ ကဆုန်လပြည့်နေ့တွင် တိုက်ခန်းအသီးသီး၌ ကိုးကွယ်ထားရှိကြသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို စုပေါင်း၍ အိမ်တော်ရာကျောင်းတိုက်ရှိ သံဃာတော် အရှင်သူမြတ်များတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲအခမ်းအနားကို ယနေ့ကျင်းပသည်။

ဒဂုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ ဂုဏနန္ဒထံမှ ငါးပါးသီလ ဆောက်တည်ခြင်း၊ အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုးက သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်း၊ ဘဒ္ဒန္တ ဂုဏနန္ဒ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားတော်များနာယူ၍ ရေစက်ချအမျှပေးဝေကြကြောင်း သိရသည်။

(က–ပ)

သာပေါင်းစည်ပင် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုး

ရန်ကုန် မေ ၁၁

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုသည် မေ ၁၄ ရက်က သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အရိပ်နေလျက် အခက်မချိုး မျှစ်ကိုချိုးလည်း ဝါးမျိုးမသတ် ဝတ်ရည်ကိုစား ပန်းများမခြွေ စိမ်းနေဦးမည့် ဒို့တောမြေ



ဆားလင်းကြီးမြို့၌ အမျိုးသမီးရေးရာအဖွဲ့ ကတ်ပြားနှင့် ရင်ထိုးပေးအပ်

ဆားလင်းကြီး မေ ၂၀

ဆားလင်းကြီးမြို့နယ်အတွင်း ရှိရပ်ကွက်ကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား အမျိုးသမီးရေးရာ အဖွဲ့ဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ် ပေးအပ်ပွဲကို မေ ၉ ရက်က မြို့နယ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြော ကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးချိုက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်း ပုံများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာ အုပ်စုများမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၃၉၀ အတွက် အဖွဲ့ဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များကို ရပ်ကွက်ကျေးရွာ အုပ်စုများမှ အဖွဲ့ဝင်များအား ပေး အပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မတ်၁၂ရက်က မန္တလေးအောင် မြေသာစံမြို့နယ် အထက(၈)တွင် နွေရာသီ နွေဦးအားမာန်သင်တန်း ပေါင်းစုံဖွင့်ပွဲအပြီး၌ တိုင်းအတွင်း ရေးမှူးနှင့်အဖွဲ့က သစ်သီးပန်းပုံဖော် သင်တန်းသို့ ကြည့်ရှုအားပေးစဉ်။
(၁၆၂)

ဟုမ္မလင်းမြို့၌နွေရာသီအားကစားသင်တန်းဆင်း

ဟုမ္မလင်း မေ ၂၀

ဟုမ္မလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအားကစားသင်တန်း ဆင်းပွဲကို မေ ၉ ရက်က မြို့နယ်အားကစားကွင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးဌေးလွင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးဌေးလွင်က သင်တန်းသားများကိုယ်စား သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးအားလည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူးဦးအောင်ဆန်းလေးက ပြိုင်ပွဲတွင် ပထမဆုရသော ဘောလုံးအသင်းအားလည်းကောင်း ဆုများချီးမြှင့် သည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေဦးမြို့နယ်၌ အသစ်တည်ထားကိုးကွယ်သော ဆုတောင်းပြည့်ရွှေစေတီ ထီးတော်သစ်တင်လှူ

ရွှေဦး မေ ၃

ရွှေဦးမြို့နယ် ပန်းကုန်းကျေးရွာ ကန်ဦးကျောင်းတိုက်အတွင်း၌ အသစ် တည်ထားကိုးကွယ်သော ဆုတောင်းပြည့် ရွှေစေတီထီးတော်အသစ်တင်လှူပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပန်းကုန်းကျေးရွာ ကန်ဦးကျောင်းတိုက် ပဓာနဆရာတော် ဦးမာဃိန္ဒနှင့်သံဃာတော်များ၊ ပန်းကုန်းကျေးရွာမှ ဘုရားဒါယကာ၊ ဒါယိကာမ များနှင့် ထီးတော်ကုသိုလ်ရှင်တို့က မင်္ဂလာချိန်တွင် ရွှေထီးတော်ကို ရထားပျံ နှင့်သယ်ဆောင်၍ ဆုတောင်းပြည့်ရွှေစေတီတော်အား ထီးတော်တင်လှူကြသည်။

ထို့နောက် ပန်းကုန်းကျေးရွာမှ ဒါယကာ၊ ဒါယိကာမများက ကြွရောက် လာကြသော သံဃာတော် ၅၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး ဖိနပ်တော် ၁၅တောင်၊ ဉာဏ်တော် ၁၉တောင်ရှိစေတီကို ငွေကျပ်သိန်း ၅၀ဖြင့် အသစ် တည်ထားခဲ့သော ဆုတောင်းပြည့် ရွှေစေတီတော်လှူဒါန်းမှုအစုစုအတွက် ရေစက်ချလှူဒါန်းကြရာ ကန်ဦးကျောင်းတိုက်ဆရာတော် ဦးမာဃိန္ဒက ရေစက်ချ တရားဟောကြားကြောင်း သိရသည်။ **(၃၇၈)**

ဗန်းမောက်မြို့ သမိုင်းဝင် ဂေါဒေါပလ္လင်တောင်ပေါ်ရှိ ဘုရားစေတီတော်များဗုဒ္ဓပူဇနီယပွဲ ကျင်းပ

အင်းတော် မေ ၆

စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် ရှေးဟောင်း သမိုင်း ဝင် ဂေါဒေါပလ္လင်(ဇလုံ)တောင်ပေါ်ရှိ အောင်ဆုယူ၊ အောင်တော်မူ၊ ဣန္ဒာ သယချမ်းသာကြီးစေတီတော်များ ဗုဒ္ဓ ပူဇနီယပွဲတော်ကို ဧပြီ၂၆ရက်မှစ၍ မေ၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ အဆိုပါဘုရား များကို သာသနာပြု မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နဂါးရိပ်သာ ဦးပု၊ တောရဆရာတော်(စတုဘုမ္မိက) ဘဒ္ဒန္တ ဝိဇယ (မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ သာသနဓဇ ဓမ္မာ စရိယ)၊ ဗန်းမောက်မြို့နယ် စက်တော် ကျောင်းမကြီး၊ ကုန်းကျောင်း၊ ကြောင် လည်ကျောင်း၊ မြနန္ဒကျောင်းတို့မှ သံဃာတော်များ ကြွရောက်တော်မူ ကြပြီး ရပ်ဝေးရပ်နီးမှ ဆရာတော် သံဃာတော်များနှင့် ဘုရားဖူးပြည်သူ များ တက်ရောက်ကြည်ညိုကြသည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲ၊ ရှင်သာမဏေဝတ်ပွဲ၊ ရဟန်းခံ၊ သီလရှင်ဝတ်ပွဲ၊ ဗုဒ္ဓရုပ်ပွား တော်များအနေကဇာတင်ပွဲနှင့် ပူဇော်ပွဲ လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှ ပေးဝေကြသည်။ **(၁၃၃)**

တန့်ဖရဲ–မြစ်ဆုံလမ်း ကတ္တရာလမ်းသစ်ခင်း

မြစ်ကြီးနား မေ ၂၀

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့သည် ကျေးလက်ဒေသလမ်း ပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးတို့ကို စီမံချက် နှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက်ခွင့်ပြု ငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၄ရက်က လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)ဦးသန်းဝင်းခိုင် ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သည် အရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ပေရှိ မြစ်ကြီးနားမြို့နယ် တန့်ဖရဲ– မြစ်ဆုံကျေးလက်လမ်း ကတ္တရာလမ်း ခင်းမှုကို အမှုဆောင်အရာရှိ ဦးအေး ဆွေနှင့် အင်ဂျင် နီယာမှူး ဦးသိန်းမြင့် တို့က သွားရောက် ကြပ်မတ်စစ်ဆေး ပေးသည်။

(မြို့နယ် စည်ပင်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယဦးစီးမှူး(အခွန်) ဒေါ်အေးအေးမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ စုပေါင်း၍ ဧပြီ ၃ ရက်က နေခြည်မြို့မဈေးကြီးတွင် အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးကြစဉ်။
(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်
၁၃–၅–၂၀၀၆
(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၀၉း၃၅ တူယှဉ်သီကြွေး စုံတွဲတေး
(၁)ချယ်ရီဦးပန်းကမ္ဘာ
(၂)အချစ်မှာသတ္တိရှိတယ်

၀၉း၄၅ အာဆီယံအစီအစဉ်

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (စက်မှုစားကုန်အတွက် စက်ရုံသန့်ရှင်းရေး အရေးပါမှုအကြောင်း) (အပိုင်း–၁)

၁၁း၃၅ မေတို့ရေးရာသိမှတ်စရာ (စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်နှင့် ဆွေးနွေးခန်း)

၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂း၁၀ နေ့စဉ်သုံး အီဒီယမ်(ဆရာဦးသိန်းလွင်)

ညနေပိုင်း

၁၆း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁)မေတ္တာစေကျွန်
(၂)မောင်မောင်မုန်းဖို့ ကြိုးစားပါလား
(၃)ကြိုသာကြိုမဆုံသည့်လမ်း

၁၇း၃၀ အဆို၊အက၊အရေး၊အတီးဆုရအစီအစဉ် (စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး နှင့် ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုးတို့၏ ကာလပေါ်တေး)

၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၉း၁၅ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (အလှအပနှင့် ကိုယ်လက်လှုပ်ရှားမှု–မေလေး)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မေ့နေပြီလားတေးစီးရီး)

၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

၂၀း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကျမျက်ရည်မကြေညာစတမ်း
(၂) မေတ္တာအသိနောက်ကျသွားတယ်
(၃) ဒို့များအချစ်က သုံးနဲ့လေး

စာအောင်သံဃာတော်အရှင်သူမြတ်များ တောင်တွင်းကြီး၌စုငွေဘွဲ့နှင်းသဘင်ကျင်းပ

တောင်တွင်းကြီး မေ ၁၀

တောင်တွင်းကြီး မြို့နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင် စီ၊ မြို့နယ်သာသနာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ စာအောင် သံဃာတော် အရှင်သူမြတ်များအောင် လက်မှတ် ဆက်ကပ်ပူ ဇော်ပွဲစုငွေဘွဲ့နှင်းသဘင် အခမ်းအနားကိုမတ် ၁၈ ရက်ကမြို့နယ်သာသနာ့ ဗိမာန်တော်ခန်းမတွင် ကျင်းပရာ မြို့နယ်သံဃ နာယက အဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိက ဓဇဘဒ္ဒန္တတေဇောဘာသ၊ အောင်မြေဘုံ ကျောင်း တိုက် ဆရာတော်ကြီး အမှူးပြုသော သံဃာ တော် အရှင်သူမြတ်များ၊ စာအောင် သံဃာတော် များ ကြွရောက်တော်မူ ကြပြီး မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင် မောင်ဦးနှင့် အဖွဲ့ဝင် များ၊ မြို့နယ်သာသနာ ရေးဦးစီးဌာန ဦးစီးမှူး ဦးကံရှိမောင်နှင့် ဝန် ထမ်းများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါး သီလခံယူဆောက်တည် ကြပြီး မြို့နယ်ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ပထမ ကြီးအောင် နှစ်ပါး၊ ပထမ လတ် ၁၃ ပါး၊ ပထမငယ် ၃၇ ပါး၊ မြို့နယ်အဆင့်ပထမကြီး နှစ်ပါး၊ ပထမလတ် ၃၁ ပါး၊ပထမငယ် ၁၈ ပါး စုစုပေါင်း စာအောင် သံဃာတော် အရှင်သူ မြတ် ၁၀၃ ပါးတို့အား စာအောင်ဂုဏ်ပြုဆုလက် မှတ်များ ဆက်ကပ်ပူဇော် ကြသည်။ **(၁၈၉)**

ကျောင်းကုန်းမြို့မစာကြည့်တိုက်သို့ စွယ်စုံကျမ်းလှူဒါန်း

ကျောင်းကုန်း မေ ၆

မြို့မစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းပွဲကို မေ ၁ရက် နံနက် ၉နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

လက်ခံရယူ

ထို့နောက် အလှူရှင်ဦးသိန်းမောင်–ဒေါ်တင်လှ(ဆင်မင်းဆေးလိပ်ခုံ)မိသား စုက စွယ်စုံကျမ်းအတွဲစုံ ၄၂အုပ် တန်ဖိုးငွေကျပ် တစ်သိန်းခုနစ်သောင်းရှိ စာအုပ် များကိုလှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က လက်ခံရယူသည်။ **(အပေါ်ပုံ)** **(၂၆၅)**

မော်လမြိုင်ကျွန်း၌ နိဗ္ဗာန်ဈေးပွဲတော်ဖွင့်

မော်လမြိုင်ကျွန်း မေ ၃၀

ဒုတိယအကြိမ်မြောက် နိဗ္ဗာန်ဈေး ပွဲတော်ဖွင့်ပွဲကို ဧပြီ ၂၅ ရက် ညနေ ၆ နာရီက မော်လမြိုင်ကျွန်းမြို့ ဘုရင့် နောင်လမ်းထိပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့မ၇ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့် ပွဲတော်ဖြစ်မြောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးဝေတို့က နိဗ္ဗာန်ဈေးပွဲတော် ကျင်းပရခြင်းများကို ရှင်းလင်းတင်ပြပြီး ပွဲတော်ဖြစ်မြောက် ရေးနာယကများဖြစ်ကြသော ဦးသန်း ရှိန်နှင့်ဦးကြီးရှိန်တို့က ပွဲတော်ကိုဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဖွင့်ပွဲအပြီးတွင် နိဗ္ဗာန်ဈေးပွဲ တော်သို့ လာရောက်ကြသူများအား မုန့်မျိုးစုံ ၂၉ မျိုးဖြင့် နိဗ္ဗာန်ဈေးကျွေး မွေး လှူဒါန်းကြပြီး ဧပြီ ၂၆ရက် နံနက် ပိုင်းတွင် မြို့ပေါ်ရှိ ကျောင်းပေါင်း ၄၁ ကျောင်းမှ သံဃာတော်များအား သတ္တမအကြိမ်မြောက် သံဃဒါန ဆွမ်း လောင်းပွဲကို ကျင်းပကြသည်။ **(၀၉၇)**

ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်ဗောဓိပင်များအား ညောင်ရေသွန်းလောင်းပူဇော် ဥပုသ်သီတင်းဆောက်တည်၊ တရားဘာဝနာပွားများ၍ အလှူဒါနပြုသူများဖြင့် အထူးစည်ကား

ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ရွှေတိဂုံစေတီတော်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းရန်လာကြသော ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများကို ဤသို့စည်ကား များပြားစွာ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ....။

ကဆုန်လပြည့်နေ့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့အဖို့ အထူးမြတ်ဆုံးနေ့ဖြစ်သည်။ ထိုနေ့သည် ဘုရားရှင် နိယတဗျာဒိတ်တော် ရသောနေ့၊ မီးရှူးသန့်စင်ဖွားမြင်တော်မူသောနေ့၊ သဗ္ဗညုတရွှေဉာဏ်ရှင် ဘုရားဖြစ်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန်ပြုတော်မူသောနေ့ဖြစ်ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့လည်းဖြစ်သည်။

ညောင်ရေသွန်း

ဗုဒ္ဓမြတ်စွာနှင့် မဟာဗောဓိပင်သည် ခွဲခြား၍မရချေ။ မဟာဗောဓိပင်သည် ဘုရားရှင်၏ သင်္ကေတ ဖြစ်သည်။ ပရိဘောဂစေတီလည်းမည်၏။ ဗောဓိပင်အောက်တွင် သစ္စာလေးပါးကို ပိုင်းခြားသိမြင်ပြီး ဘုရားဖြစ်ခဲ့သည်။ ထို့ကြောင့် ဗောဓိပင်ကို ဘုရားရှင်ကိုယ်စား ပူဇော်မှုပြုခဲ့ကြသည်။ နှစ်စဉ် ကဆုန်လပြည့် နေ့ရောက်တိုင်း ညောင်ရေသွန်းပွဲတော်များ ကျင်းပခဲ့ကြသည်။

မဟာဗောဓိပူဇာပွဲတော်

ယခုနှစ် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်ကို ရန်ကုန်မြို့ တန်ခိုးကြီးစေတီများဖြစ်သော ရွှေတိဂုံ၊ ဆူးလေ၊ ရွှေဘုန်းပွင့်၊ ကမ္ဘာအေးစေတီ နှင့် ဗိုလ်တထောင်စေတီတို့တွင် ဘာသာရေးပွဲတော်တစ်ခု အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။ ဗုဒ္ဓပူဇနိယပွဲတော်များအနက် မဟာဗောဓိပူဇာပွဲတော် ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စံနမူနာပြလုပ်ကိုင်

ရန်ကုန် မေ ၁၁

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့နှင့်အတူ မေ ၇ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စံနမူနာပြ ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် သစ်တက်ကုန်း ရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်မြို့တော် မိုးလေဝသ အခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၁၂ ရက်) ၌ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။